မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလကွယ်နေ့၊ ၂၀၀၅ ခုနှစ်၊ မေ ၇ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၁၆)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဂျူဟွမ်း ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍ သံအမတ်ခန့် အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ လီဂျူဟွမ်းသည် ယနေ့နံနက် ၁၀နာရီတွင် ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဂျူဟွမ်းအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပုဂံရွှေဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည့် လှူငယ်နီးနှောဖလှယ်ပွဲသို့ တက်ရောက်မည့်လူငယ်များ စုံညီစွာရောက်ရှိ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၆

ပုဂံရွှေဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည့် လူငယ်နီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြမည့် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်များသည် ယနေ့တွင် မော်တော်ယာဉ်၊ မီးရထား၊ လေကြောင်းခရီးတို့ဖြင့် ပုဂံ–ညောင်ဦးမြို့သို့ စုံညီစွာရောက်ရှိကြသည်။

ထိုသို့ ရောက်ရှိကြရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လူငယ်ကိုယ်စားလှယ်များနှင့် ပုဂံဒေသနေ ပြည်သူများ ထိတွေ့ရင်းနှီးမှု၊ ချစ်ကြည်မှုပိုမိုရရှိကြပြီး မိဘပြည်သူများ၏ဘဝကို ပိုမိုသိမြင်နားလည်ကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားရေးကို ရည်ရွယ်လျက် လူငယ်နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်ကိုယ်စားလှယ်များသည် ပုဂံညောင်ဦးဒေသ ရပ်ကွက်အသီးသီးရှိ ဒေသခံပြည်သူများ၏ နေအိမ်များ၌ စခန်းချတည်းခိုနေထိုင်လျက်ရှိကြသည်။

တည်းခိုနေထိုင်

ယင်းအစီအစဉ်အရ ကချင်ပြည်နယ်မှ ကိုယ်စားလှယ် ၃၄ ဦးတို့သည် ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက်၌ လည်းကောင်း၊ ကယားပြည်နယ်မှ ကိုယ်စားလှယ် ၃၄ ဦးတို့သည် ညောင်ဦးမြို့ ***စာမျက်နှာ ၉ ကော်လံ ၁*** ✡

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မေလ ၇ ရက်)

နိုင်ငံတော်၏ အရန်အင်အားစုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲရပ်တည် အမျိုးသားရေး အကျိုးစီးပွားကို မျက်ခြည်မပြတ် ကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် လူမှုရေးစိတ်ဓာတ် ထက်သန်မြင့်မားသော လူငယ်လူရွယ်များ စုစည်းထားသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ အဆိုပါအသင်းကြီးသည် ပြည်သူ့အကျိုးပြု ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်၍ အားကြိုးမာန်တက် ဆောင်ရွက်လျက် ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး တိုးတက်စည်ပင်စေရန်နှင့် တိုင်းကျိုးပြည်ဆောင် နိုင်ငံ့အကျိုးပြု လုပ်ငန်းများတွင် အမျိုးသားရေးစွမ်းအားစုတစ်ရပ်အနေဖြင့် တိုးတက်ပါဝင်စွမ်းဆောင်နိုင်စေရန် နိုင်ငံတော်အစိုးရက အားပေးကူညီလျက် ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင် လူငယ်မောင်မယ်များသည် လူမှုကရုဏာလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်နေကြသည်သာမက ကြက်ခြေနီတပ်ဖွဲ့ဝင်များအဖြစ်ဖြင့် စည်းကမ်းလိုက်နာတတ်မှုနှင့် အမိန့်နာခံတတ်မှု အလေ့အကျင့်ကောင်းများ၊ အများအကျိုးဆောင်စိတ်ဓာတ်နှင့် ပြည်သူများအတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်တတ်သည့် အရည်အသွေးကောင်းများလည်း ရှိထားပြီး ဖြစ်သည်။

အသင်းဝင်များသည် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်စသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ပိုမိုတိုးပွားခိုင်မာလာသည်နှင့်အမျှ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ပိုမိုထိရောက်ထက်မြက်စွာ စွမ်းဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အသင်းဝင်များသည် နိုင်ငံ့သားကောင်း သမီးမွန်များအဖြစ် ဆက်လက်ရပ်တည်နိုင်အောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်သည်။

ယင်းကဲ့သို့ စိတ်ဓာတ်နှင့်စွမ်းဆောင်ရည် ထက်မြက်မြင့်မားသည့် နိုင်ငံ့သားကောင်း သမီးမွန်များအဖြစ် အစဉ်လေ့ကျင့်ပျိုးထောင်ခြင်းဖြင့် ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ်များ ဖြစ်ထွန်းလာကြမည်ဖြစ်သည်။ ထူးချွန်ကြက်ခြေနီမောင်မယ်များကို ရွေးချယ်ချီးမြှောက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲအခမ်းအနားကို နှစ်စဉ် ရန်ကုန်မြို့၌ ကျင်းပပေးလျက် ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ (၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို မေလ ၄ရက်နေ့က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) တို့မှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် ပြည်နယ်နှင့်တိုင်းများမှ ထူးချွန်ကြက်ခြေနီ မောင်မယ်များ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ထူးချွန်ကြက်ခြေနီများ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရန် တွန်းအားပေးသည့် အစီအစဉ်တစ်ရပ်အဖြစ် ယနေ့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်း အကြောင်း၊ ကယ်ဆယ်ရေး ဘာသာရပ်များအကြောင်း၊ ကျန်းမာရေး ဘာသာရပ်များ အကြောင်း၊ မီးသတ်စွမ်းရည်ပြသခြင်းနှင့် ဂီတ၊ ရုပ်ရှင်၊ စာနယ်ဇင်းအစီအစဉ်များ ထည့်သွင်းစီစဉ်ခဲ့ခြင်းဖြင့် ကြက်ခြေနီမောင်မယ်များအတွက် အကျိုးတရားတိုးပွားစေခဲ့သည်။

သို့ဖြစ်ရာ အသင်းဝင်များသည် ထူးချွန်ထက်မြက်သည့် ကြက်ခြေနီလူငယ်မောင်မယ်ဘဝကို ခံယူခဲ့ကြပြီး မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူများ၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်ရင်း နိုင်ငံတော်၏ အရန်အင်အားစုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်ကာ အမျိုးသားရေးအကျိုးစီးပွားကို မျက်ခြည်မပြတ် ကာကွယ်စောင့်ရှောက် မြှင့်တင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပန်းမော်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၆

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၈ရက် နံနက်ပိုင်းက ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာရှိ ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ရှင်းလင်းဆောင်သို့ရောက်ရှိရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝိုင်းမော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက်တိုင်းမှူးသည် နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးသည် နန်ဆန်ယန်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောက်လုပ်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမဆောင်၌ ကျောင်းဆောက်လုပ်ရေးတာဝန်ခံ ဦးဇခုံဒိန်ခမ်းက ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု ကျောင်းခန်းမဆောင်၊ သင်ထောက်ကူစာသင်ဆောင်၊ သိပ္ပံဆောင်၊ ကျောင်းစာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးကလိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် နန်ဆန်ယန်ကျေးရွာ (၁၆)ခုတင်ဆံ့ဆေးရုံ တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း၊ လောကသာမ ဆုတောင်းပြည့်စေတီတော် တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမှူးသည် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းနှင့် (၁၆) ခုတင်ဆံ့ဆေးရုံတည်ဆောက်မည့်မြေနေရာ၊ အိမ်တွင်းမှုသိပ္ပံကျောင်း တည်ဆောက်မည့် မြေနေရာတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

သာသနာရေးဆိုင်ရာများလျှောက်ထား

ဧပြီ ၂၉ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဗန်းမော်မြို့ သိမ်မဟာစေတီတော်သို့ သွားရောက်၍ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေ ၂၁၇ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ ကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစက ဘဒ္ဒန္တပညိန္ဒာလင်္ကာရအား သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် တိုင်းမှူးသည် ဓမ္မပါလဆွမ်းစားကျောင်းနှင့် ပရိယတ္တိမာမက ကျောင်းဆောင် တည်ဆောက်ရေးလုပ်ငန်းအတွက် ဘိလပ်မြေအိတ် ၂၀၀နှင့် ငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းပြီး ဓမ္မပါလဆွမ်းစားကျောင်း တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်း၊ သူနာပြုဆရာမများ နေအိမ်ဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဗန်းမော်မြို့ လေယာဉ်ပြေးလမ်း တိုးချဲ့ဆောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ လေဆိပ်ခန်းမဆောင်၌ တာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးတင်ဝင်းက လေယာဉ်ပြေးလမ်း တိုးချဲ့ဆောက်လုပ်ပြီးစီးနေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားပြီး လေယာဉ်ပြေးလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဧပြီလ ၃၀ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မိုးမောက်မြို့နယ် မခွယ်-သိမ်လုံလမ်း ဖောက်လုပ်ရေးလုပ်ငန်းခွင် ယာယီရှင်းလင်းဆောင်၌ ဗန်းမော်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသောင်းဟန်စိုးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးက နောင်းကုတ်နှင့်လုံဂျာကုန်း အခြေခံပညာမူလတန်း ကျောင်းများအတွက် ငွေကျပ် ငါးသိန်းစီကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် မြစ်ကြီးနား-ဗန်းမော်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက် ဆံရေး ဦးစီးဌာနနှင့် ကျားကွက်သစ် (စံပြ) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သော သုတပဒေသာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၇ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ခင်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ချစ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မြဝတီ ရုပ်မြင်သံကြား

၇-၅-၂၀၀၅
(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ရှေးအတိတ်ကံအစွမ်းကြောင့်ဖြစ်ပေါ်လာ"**
၉:၁၀ ၁၀။ **"ဘာပဲဖြစ်ဖြစ်သတိရပါ"** မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း(ဒါရိုက်တာ-ကိုဇော်-အရဏ်ဦး) ဒွေး၊ သားညီ၊ မြတ်ကေသီအောင်၊ အိန္ဒြာကျော်ဇင်

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် The Family (ဒုတိယနှစ်-အိမ်တွင်းစီးပွား)
၅:၃၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့နှလုံးသားရုပ်ကြွင်း"** (အပိုင်း-၁၄)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ English Premier League ဘောလုံးပွဲ Manchester United Vs West Bromwich

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တိုးချဲ့ရေး လုပ်ငန်းကြည့်ရှု စီမံကိန်းလုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်လိုက်ပါလျက် ယမန်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တိုးချဲ့ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လေဆိပ်အဆောက်အအုံကို တာဝန်ယူတည်ဆောက်နေသော Asia World Co., Ltd. မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ Asia World Co., Ltd. မှ ဒါရိုက်တာ ဦးမောင်ကြေးက လေဆိပ်တိုးချဲ့အဆောက်အအုံပြီးစီးနေမှု၊ အဆောက်အအုံဟောင်းနှင့် ဆက်စပ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လေဆိပ်မျက်နှာစာလုပ်ငန်းများပြီးစီးမှု၊ Car Parking၊ Underground Tank တည်ဆောက်နေမှုနှင့် Custom Ware House တည်ဆောက်သည့်နေရာ အနေအထားများကို Computer Slide Show ဖြင့် ပြသရှင်းလင်းတင်ပြသည်။

ဆက်လက်၍လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာဝန်ကြီးက စီမံကိန်းလုပ်ငန်းများ လုပ်ငန်းလျာထားချက်အတိုင်း အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တိုးချဲ့ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တိုးချဲ့ လေဆိပ်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း၊ Underground Tank တည်ဆောက်ရေးလုပ်ငန်း၊ Car Parking တည်ဆောက်ရေးလုပ်ငန်းများပြီးစီးနေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို နိုင်ငံတကာအဆင့်မီစေရန် အတွက်ပြည်ပခရီးသည်နားနေဆောင် အရှည်ပေ ၃၄၀ နှင့်အကျယ်ပေ ၁၄၀မှ အရှည်ပေ ၈၀၀ နှင့် အကျယ်ပေ ၂၀၀ ရှိနှစ်ထပ်ခွဲဆောင်အဖြစ် တိုးချဲ့ တည်ဆောက်၍ခရီးသည်များလေယာဉ်ပေါ် တိုက်ရိုက် တက်/ဆင်းနိုင်သည့် Boarding Bridge လေးခုတပ်ဆင်ထားခြင်း၊ ပြည်ပဆိုက်ရောက်ဆောင်ရှေ့၌ Underground Car Parking တည်ဆောက်ခြင်းနှင့် လေယာဉ်ကြီးများ ရပ်နားနိုင်ရန် Apron ကို ပေ ၆၀၀ x ပေ ၆၀၀ အထိရရှိရန် တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ် ဦးတန်ခူးလကွယ်နေ့
(ဥပုသ်နေ့)
၇-၅-၂၀၀၅
(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ တေးဂီတအစီအစဉ်
- ၈:၂၀ ၇။ စွန်ချောင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV.
- ၈:၄၅ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** (အပိုင်း-၃၂) **(ဇာတ်သိမ်းပိုင်း)**
- ၁၃:၃၀ ၇။ စီမံအုပ်ချုပ်မှု ဒီပလိုမာသင်တန်းနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်
- ၁၃:၄၀ ၈။ **"အဖြူရောင်မေတ္တာ"** မင်းမော်ကွန်း၊ ရီဝေယံ၊ ဆုပိုပိုအောင် (ဒါရိုက်တာ-အောင်မြင့်မြတ်)
- ၁၄:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၄၅ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြု) (သင်္ချာ)
- ၁၇:၁၀ ၆။ လက်ဆင့်ကမ်းအမွေ (ရုပ်သေး)
- ၁၇:၁၅ ၇။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၈။ အတီးပြိုင်ပွဲ
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၁၀။ **"သစ်ကောင်းတစ်ပင်"** နဒီစိုး၊ ပြည့်စုံသျှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန် ဒါရိုက်တာ-မိုးထက်လူ (သစ်တော)
- ၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၂၅ ၁၂။ Discovery
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တလီ"** (အပိုင်း-၁၉)
- ၁၉:၃၀ ၁၆။ ဂုဏ်ယူဖွယ်ရာစံထားထိုးဆောင်းကျေးရွာသွေးလူ့ရှင်များ
- ၁၉:၄၅ ၁၇။ ရှုဖွယ်စုံညီ မြန်မာပြည်
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၃၀)
- ၂၂။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာ ဘိဝံသ၏ အရပ်ဆယ်မျက်မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

ရန်ကုန် မေ ၆

မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့၌ မေ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး (Non -Aligened Movement (NAM) Ministerial Meeting on the Advancement of Women) သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြနှင့် ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာန အောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ထားမေတို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

အထူးအယူခံမှုများ ကြားနာစစ်ဆေး

ရန်ကုန် မေ ၆

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးမြင့်သိန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက်၁၀ နာရီတွင် တရားရုံးချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာအထူးအယူခံမှုတစ်မှုနှင့်တရားမ အထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်ခဲ့သည့်အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူး အယူခံမှုငါးမှုကိုလည်း ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်ချဲ့ Road Map

☆ ညီအစ်ကိုချင်း၊ ကိုယ့်ပြည်တွင်းမှာ
ချစ်ခြင်းဖွဲ့နှောင်၊ မေတ္တာဘောင်ကို
ကျိုးအောင်ပြုပြီး၊ ရန်စမီးကို
စပြီးသူချ၊ ကျွန်ဘဝတွင်း
သွတ်ကာသွင်းရန်၊ သူကြံဖန်ခဲ့။

☆ ရန်မီးရန်စ၊ မာန်ဟုန်ကြွလျက်
ဒေါသထန်ပြင်း၊ ချင်းချင်းထသတ်
ဖြစ်ရပ်ကိုမြင်၊ သူပျော်ရွှင်ခဲ့။

☆ ရန်ဖြစ်နေရင်း၊ လည်ပင်းဖက်ပြီး
နောင်ကြီးညီငယ်၊ တုံ့လှယ်မေတ္တာ
စေတနာရင်း၊ စိတ်တွင်းအရှိ
သတိပေါ်ချိန်၊ အရှိန်ကိုသတ်
ရန်ပွဲရပ်သော်
မပျော်စိတ်တွင်း၊ သူခံပြင်းခဲ့။

☆ မိသားစုတွင်း၊ စိတ်တွေရှင်း၍
လည်ပင်းဖက်တာ၊ ဖြစ်၍လာသော်
မလျော်မကန်၊ သူဆက်ကြံပြီး
လုပ်ကြံဇာတ်ခင်း၊ အိမ်နီးချင်းတွေ
တွေဝေစိတ်က၊ သံသယဝင်
မကောင်းမြင်အောင်၊ သူကြံဆောင်ခဲ့။

☆ ဒေသအတွင်း၊ အိမ်နီးချင်းတွေ
တွေဝေမှုကင်း၊ ချင်းချင်းပြန်လှန်
ဖေးမဟန်ကို၊ မြင်ပြန်သောခါ
စိတ်မှာမကြည်၊ ဟိုသည်ပြစ်ပြော
ဒေါသစကား၊ သူပြောကြားကာ
ကမ္ဘာ့ပြည်သူ၊ အားကိုယူပြီး
သူ့ခရီးကို
အပြီးနှင်ရန်၊ သူဆက်ကြံခဲ့။

☆ နယ်ချဲ့ Road Map၊ ထိုသုံးချက်ကို
ပြက်ပြက်ထင်ထင်၊ ဒို့များမြင်ပေါ့
ယခင်ရှိပြီး၊ မေတ္တာထီးကို
ပြန်ပြီးတူတကွ
ဆောင်းလိုက်ကြစို့၊ ညီနောင်တို့။ ။

ဖိုးဝ

ကျန်းမာဘဝနေတတ်မှ ကျန်းမာရေးပညာပေးဟောပြောမည်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ အသိပညာရှင်၊ အတတ်ပညာရှင် ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းနုရွှေနှင့် မြန်မာ့အသံတို့က ဆွေးနွေးတင်ပြမည့် **'ကျန်းမာဘဝနေတတ်မှ'** ခေါင်းစဉ်ဖြင့် အမျိုးသမီးငယ်/ရွယ်များအား ကျန်းမာရေးဗဟုသုတဖြစ်ဖွယ်ရာများကို မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်၏ မေတို့ရေးရာ သိမှတ်စရာအစီအစဉ်မှ မေ ၁၃ ရက် ညနေ ၅ နာရီခွဲနှင့် မေ ၁၄ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တို့တွင် ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာ သတင်းများ

လွှတ်တင်

အိန္ဒိယနိုင်ငံ မဒရပ်မြို့ တောင်ဘက် ဆရီဟာရီကိုတာဒေသရှိ အိန္ဒိယ အာကာသသုတေသနစခန်းမှ ကာတိုဆက်-ဝမ်း ဂြိုဟ်တု လွှတ်တင်လိုက်သည်ကို မေ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်ပြည်၏ ရှေးဟောင်းယဉ်ကျေးမှုများအား ဥပဒေ၊ စည်းမျဉ်းသစ်များဖြင့် တိုးမြှင့်ထိန်းသိမ်းစောင့်ရှောက်မည်

ပေကျင်း မေ ၅

တရုတ်ပြည်ရှိ သမိုင်းဆိုင်ရာနေရာများနှင့် ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းမြို့ပြနေရာများ၊ လမ်းများနှင့် အဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်သည့်ဥပဒေနှင့် စည်းမျဉ်းများသည် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း မေ ၁ ရက်က ဖော်ပြသည်။

ကြီးမားသည့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများသည် ရှေးဟောင်းမြို့၏ ယဉ်ကျေးမှုဆိုင်ရာ အင်္ဂါရပ်များကို ခြိမ်းခြောက်လျက်ရှိရာ ဥပဒေနှင့်စည်းမျဉ်းသစ်များဖြင့် တိုးမြှင့်စောင့်ရှောက်ရန် ဖြစ်ပေါ်လာခဲ့သည်။

ဆောင်ရွက်

အဆိုပါ ဥပဒေစည်းမျဉ်းသစ်အရ မြူနီစီပယ်အစိုးရသည် ရှေးဟောင်းမြို့ဒေသများရှိ လူဦးရေသိပ်သည်းမှုကို လျှော့ချနိုင်ရေးအတွက် ဒေသခံများအား ယင်းဒေသမှ ပြောင်းရွှေ့ရန် အားပေးပြီး ၎င်းတို့၏ နေထိုင်ရေးအခြေအနေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည် ဖြစ်သည်။

ရှေးဟောင်းမြို့ဒေသများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် တာဝန်ရှိသော အစိုးရဝန်ထမ်းများသည် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပါက အပြစ်ပေးခံရမည် ဖြစ်ကြောင်းစည်းမျဉ်းတွင်ဖော်ပြပါရှိသည်။

ဒဏ်တပ်မည်

ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းအမွေအဖြစ် ကာကွယ်ထိန်းသိမ်းထားသော အဆောက်အအုံများအား တရားမဝင်ဖြိုဖျက်သူများ၊အသစ်ပြုပြင်သူများနှင့် တိုးချဲ့သူများအား ယွမ် ၁၀၀၀၀၀မှ ၂၀၀၀၀၀အထိ (အမေရိကန်ဒေါ်လာ ၁၂၀၀၀မှ ၂၄၀၀၀အထိ) ဒဏ်တပ်မည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မိုဘိုင်းလ်ဖုန်းရောင်းချမှု တရုတ်နိုင်ငံ၌မြင့်တက်

ပေကျင်း မေ ၅

တရုတ်နိုင်ငံတွင် ယခုနှစ် ပထမသုံးလပတ်၌ မိုဘိုင်းလ်ဖုန်းယူရို ၇ဒသမ ၄ဘီလီယံဖိုးရောင်းချခဲ့ရပြီး လွန်ခဲ့သည့်နှစ် အဆိုပါကာလကထက် ၁၇ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း နိုကီယာဌာနကပြောကြားသည်။

ယင်းမှာတရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် မိုဘိုင်းလ်ဖုန်းနှင့် ပတ်သက်၍ အကြီးမားဆုံးဈေးကွက် ဖြစ်လာသည်ကို ပြခြင်းပင်ဖြစ်ကြောင်း နိုကီယာဥက္ကဋ္ဌဒေးဗစ်ဟိုက ပြောကြားသည်။ နိုကီယာသည် တရုတ်နိုင်ငံရှိ အခြားတယ်လီဖုန်းထုတ်လုပ်သူများအနက် ထိပ်တန်းတွင်ရှိပြီး တရုတ်နိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် နိုကီယာ၏ ဦးဆောင်အနေအထားကို ညွှန်ပြလျက်ရှိသည်။ တရုတ်ပြည်၏ အသုံးအဆောင်ပစ္စည်း ဈေးကွက် ၃၀အနက် နိုကီယာသည် အကြီးမားဆုံးဈေးကွက်ကို ရယူထားနိုင်ကြောင်း ဟိုကပြောကြားသည်။

နိုကီယာသည် တရုတ်နိုင်ငံတွင် ဆက်သွယ်ရေးဆိုင်ရာ ထုတ်ကုန် အကြီးမားဆုံးတင်ပို့သည့်ဌာနဖြစ်ပြီး လွန်ခဲ့သည့်ငါးနှစ်က ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၄ဘီလီယံဖိုး တင်ပို့ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကန်အမျိုးသမီးတပ်ဖွဲ့ဝင် အပြစ်ရှိကြောင်း ဝန်ခံ

ဝါရှင်တန် မေ ၅

အဘူဂရိပ် အကျဉ်းစခန်း၌ ဖမ်းဆီးထိန်းသိမ်းထားသူများကို မတရားညှဉ်းပန်းနှိပ်စက်မှုဖြင့် တရားစွဲဆိုခြင်းခံရသော အမေရိကန် အမျိုးသမီးတပ်ဖွဲ့ဝင်က စွဲချက်အချို့၌ မိမိတွင် အပြစ်ရှိကြောင်း ဖို့တ်ဟွဒ်စစ်ခုံရုံး၌ မေ ၂ ရက်က ဝန်ခံထွက်ဆိုခဲ့သည်။

ကန်အမျိုးသမီး တပ်ဖွဲ့ဝင် ပရိုက်ဗိတ်လင်ဒီအင်္ဂလန်သည် သူမအား စွဲဆိုထားသည့် စွဲချက်ခုနစ်ခုကို အပြစ်ရှိကြောင်း ဝန်ခံခဲ့ရာ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ရန် ကြံစည်မှုနှစ်မှု၊ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုလေးမှုနှင့် မတော်တရော်လုပ်မှုတစ်မှုတို့ဖြစ်ကြသည်။ လင်ဒီအင်္ဂလန်(၂၂ နှစ်)သည် အဘူဂရိပ်၌ အကျဉ်းသားများကို အရှက်တကွဲဖြစ်စေမှု၊ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှုတို့ဖြင့် တရားစွဲဆိုခံရသူ မေရီလင်းအခြေစိုက် ၃၇၂ စစ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ခုနစ်ဦးအနက် တစ်ဦးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆွစ်ဇာလန်နိုင်ငံမှ ကမ္ဘာ့လေထီးချန်ပီယံဟောင်း အဲလက်စ်ဟိုဖာနှင့် အဖွဲ့ တရုတ်နိုင်ငံ မဟာတံတိုင်းကြီးအား ဝေဟင်မှ လေထီးစီး၍ လေ့လာနေကြသည်ကို မေ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားမပြန့်ပွားရေးစာချုပ် ခိုင်မာတောင့်တင်းစေရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်တိုက်တွန်း

ကုလသမဂ္ဂ မေ ၅

၁၉၆၈ နျူကလီးယားမပြန့်ပွားရေးစာချုပ်(အင်န်ပီတီ)နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ အနေဖြင့် လက်နက်ဖျက်သိမ်းရေး၊ နျူကလီးယားလက်နက် ပြန့်ပွားမှုရပ်တန့်ရေးနှင့် အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုခွင့်ရှိရေးတို့သည် အားလုံးပဓာနကျပြီး အရေးကြီးသည်ဆိုခြင်းကို သဘောပေါက်လက်ခံကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္လာနေ့၌ တိုက်တွန်းဆော်ဩလိုက်သည်။

အင်ပီတီနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၏ ၂၀၀၅သုံးသပ်ရေး ညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ထိုသို့တိုက်တွန်း ပြောကြားခြင်း ဖြစ်သည်။

ပြောကြား

စစ်အေးတိုက်ပွဲ ပြိုင်ဘက်ဟောင်းများအနေဖြင့် ၎င်းတို့၏ လက်နက်များကို ပိုမိုလျှော့ချရန် အတွက် ၎င်းတို့ကိုယ်တိုင်တာဝန်ယူ ဆောင်ရွက်ရေးသည် အရေးကြီးသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ သို့မှသာ ၎င်းတို့၏ နျူကလီးယားထိပ်ဖူးများ အရေအတွက်သည် ထောင်ဂဏန်းမှရာဂဏန်းသို့ လျော့ကျလာမည်ဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

စုဝေးဆွေးနွေး

အင်ပီတီနှင့် သက်ဆိုင်သောအဖွဲ့အစည်းများ၏ ၂၀၀၅ပြန်လည်သုံးသပ်ရေးညီလာခံကို နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်၌ မေ ၂ရက်က စတင်ခဲ့ပြီး မေ ၂၇ ရက်ထိ ကျင်းပသွားမည် ဖြစ်သည်။ အင်န်ပီတီ၏ အနေ အထားကို ပြန်လည်သုံးသပ်ရန် ငါးနှစ်တစ်ကြိမ်ထိပ်တန်း အရာရှိများသည် ထိုညီလာခံ၌ စုဝေးဆွေးနွေးခဲ့ကြသည်။

နျူကလီးယား လက်နက်များ ပြန့်ပွားခြင်း၏ အန္တရာယ်သည် ပြတ်သား ထင်ရှားလာရာ ထိရောက်သော ထိန်းချုပ်မှုများနှင့် အကျိုးသက်ရောက်မှုရှိစေသည့် လုပ်ငန်းများ လုပ်ဆောင်ရေးသည် နိုင်ငံများအားလုံးအတွက် ကမ္ဘာလုံး ဆိုင်ရာ တာဝန်ဝတ္တရားပင် ဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ်သို့ ပြည်ပမှ မော်တော်ယာဉ်အစိတ်အပိုင်းများတင်သွင်းမှု ယခုနှစ်ပထမလေးလအတွင်း ဒေါ်လာသန်း ၂၄၀ဖိုးရှိခဲ့

ဟနွိုင်း မေ ၅

ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်ပမှ မော်တော်ယာဉ်အစိတ်အပိုင်းများနှင့် မော်တော်ယာဉ်အပိုပစ္စည်းများတင်သွင်းမှုသည် ယခုနှစ် ပထမလေးလတာကာလအတွင်း အမေရိကန်ဒေါ်လာ သန်း ၂၄၀ ဖိုးတင်သွင်းခဲ့ရာ နှစ်ချင်းအလိုက် ၇၃ဒသမ၃ရာခိုင်နှုန်း တစ်ရှိန်ထိုးတိုးတက်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

အထူးသဖြင့် ကုန်တင်မော်တော်ယာဉ်များနှင့် အဝေးပြေးဇိမ်ခံကားများ၏ အစိတ်အပိုင်း ပစ္စည်းများသည် ပြည်တွင်း၌ ဝယ်လိုအား ကောင်းမွန်မှုကြောင့် ယခုကဲ့သို့ပြည်တွင်းတင်သွင်းမှု များပြားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည်လာမည့်နှစ်များတွင် လူဦးရေ တိုးတက်မှုမြင့်မားလာမည်ဖြစ်ရာ လူဦးရေ ၈၂ သန်းကျော်ရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ လူဦးရေများ ပြားလာမှုသည် ဗီယက်နမ်နိုင်ငံတွင် မော်တော်ယာဉ်သုံးစွဲမှု များပြားလာပြီး မော်တော်ယာဉ်အစိတ်အပိုင်းတင်သွင်းမှုများလည်း တိုးတက်လာမည်ဖြစ်ကြောင်း ပြည်တွင်း ကျွမ်းကျင်သူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆင်းရဲနွမ်းပါးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆန်တီယာဂို နိုင်ငံတကာအစည်းအဝေး၌ ဆွေးနွေး

ဆန်တီယာဂို မေ ၅

နိုင်ငံ ၁၀၀ကျော်မှ ကိုယ်စားလှယ်များသည် အုပ်ချုပ်ရေး၊ ဆင်းရဲနွမ်းပါးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆန်တီယာဂို၌ ပြုလုပ်သော နိုင်ငံတကာဆိုင်ရာအစည်းအဝေးတစ်ရပ်၌ ဧပြီ ၂၉ရက်က ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ဒီမိုကရေစီ အသိုင်းအဝိုင်း၏ တတိယအကြိမ်ဝန်ကြီးအဆင့်ညီလာခံသို့ တက်ရောက်ကြသော နိုင်ငံခြားရေးဝန်ကြီးများ၊ ဥပဒေပြုအမတ်များနှင့် အစိုးရနှင့် မဆိုင်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အစိုးရဆိုင်ရာ လုပ်ငန်းတွင် နိုင်ငံသားပါဝင်ဆောင်ရွက်မှုနှင့် ရိုးသားပွင့်လင်းမှုတို့ကို အခြေအတင်ဆွေးနွေးခဲ့ကြသည့်ပြင် အစိုးရသတင်းထုတ်ပြန်ချက်ကို ရယူသုံးစွဲသည့် အခွင့်အလမ်းရရှိရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဝန်ကြီးအဆင့် ညီလာခံတက်ရောက်ကြသူများသည် ဆင်းရဲနွမ်းပါးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာတို့တွင် အပြန်အလှန် အကျိုးရှိရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဒီမိုကရေစီအသိုင်းအဝိုင်းသည် ၂၀၀၀ပြည့်နှစ်တွင် ပိုလန်၌ ပေါ်ပေါက်လာခဲ့ပြီး အမေရိကန်ပြည်ထောင်စု၊ ချီလီ၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ မာလီ၊ မက္ကဆီကို၊ ပိုလန်၊ ပေါ်တူဂီ၊ ချက်သမ္မတနိုင်ငံနှင့် တောင်အာဖရိကတို့ ပါဝင်သည်။

ယင်းအစည်းအဝေးတွင် ဆန်တီယာဂို ၂၀၀၅ဝန်ကြီးအဆင့် လုပ်ငန်းတာဝန်ဆိုသော ကြေညာချက်ကို သဘောတူလက်ခံခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အက်ဖ်-၁၈ လေယာဉ် အီရတ်တွင်ပျက်ကျ ကန်လေယာဉ်မှူးသေဆုံး

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံတွင် အမေရိကန် အက်ဖ်-၁၈ စစ်လေယာဉ်တစ်စင်း ပျက်ကျခဲ့မှုကြောင့် သေဆုံးခဲ့ရသော အမေရိကန် မရိန်းလေယာဉ်မှူးတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေရေးအဖွဲ့က တွေ့ရှိခဲ့ကြောင်း၊ ထို့ပြင် ဒုတိယ စစ်လေယာဉ်တစ်စင်းမှာလည်း ယခုအချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ အမေရိကန်စစ်ဘက်က မေ ၃ ရက် အင်္ဂါနေ့၌ ပြောကြားသည်။

ပျောက်ဆုံးသွား

ယင်းအမေရိကန် အက်ဖ်-၁၈ လေယာဉ်နှစ်စင်းသည် အီရတ်နိုင်ငံတောင်ဘက် ပင်လယ်ကွေ့ ကမ်းလွန်ရှိ အခြေစိုက်စခန်းမှ ပျံသန်းလာစဉ် တနင်္လာနေ့ညပိုင်း၌ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်နှစ်စင်းသည် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ ပစ်ချခံရမှု အရိပ်အယောင် မတွေ့ရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန် အက်ဖ်-၁၈ လေယာဉ်နှစ်စင်းပျောက်ဆုံးသွားခဲ့ချိန်က အီရတ်နိုင်ငံတစ်ဝန်း၌ သဲမုန်တိုင်းများ တိုက်ခတ်နေကြောင်း ယင်းကြောင့် လေယာဉ်များ တိုက်မိခဲ့ခြင်းပေလား ဆိုသည်ကို သေချာစွာမသိရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယအပါအဝင် အိမ်နီးချင်းနိုင်ငံများမှ စားကုန်ပစ္စည်းများ ပါကစ္စတန်နိုင်ငံသို့ တင်သွင်းခွန် ကင်းလွတ်ခွင့်ပြုမည်

အစ္စလာမ္မာဘတ် မေ ၅

အိန္ဒိယနှင့် အခြားအိမ်နီးချင်းနိုင်ငံများမှ အသားနှင့် ဟင်းသီးဟင်းရွက်များ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံက အင်္ဂါနေ့တွင် ကြေညာသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် ပြည်တွင်းစားသုံးမှု လိုအပ်ချက်များကို ဖြေရှင်းရန်အတွက် အိန္ဒိယနိုင်ငံ အပါအဝင် အခြားအိမ်နီးချင်းနိုင်ငံများမှ အသား၊ ငါးများနှင့် အခြားစားကုန်ပစ္စည်းများကို တင်သွင်းရန် ပုဂ္ဂလိကကုန်သည်များအား ခွင့်ပြုပေးခဲ့ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာယွတ်ကက်အဇစ်၏ အကြံပေး ပုဂ္ဂိုလ်ဆလမ်ရှိတ်က သတင်းထောက်များအား ပြောကြားသည်။

တင်သွင်းခွင့်ပြု

အိန္ဒိယမှ ကုန်ပစ္စည်းများ ပါကစ္စတန်နိုင်ငံသို့ တင်သွင်းခွင့်ပြုခြင်းသည် ယခုပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ အဓိကကျသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ပါကစ္စတန်အစိုးရအနေဖြင့် အိန္ဒိယနှင့်တရုတ် အပါအဝင် အိမ်နီးချင်းနိုင်ငံများမှ အမဲသား၊အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီး စသည်များကိုလည်း တင်သွင်းခွင့်ပြုခဲ့ကြောင်း အဆိုပါအကြံပေးပုဂ္ဂိုလ်က ပြောကြားသည်။

ပြည်တွင်းသုံးစွဲမှု တိုးတက်လာခြင်းနှင့် ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်နိုင်သကဲ့သို့ ပြည်တွင်းလိုအပ်ချက်ကို ဖြေရှင်းနိုင်ရန် ယင်းကဲ့သို့ တင်သွင်းကုန်များအပေါ် အခွန်ကင်းလွတ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။ **အမ်အင်အေ၊ပီတီအိုင်**

ဆာအတ်ထိပ်သီး အစည်းအဝေးကျင်းပမည့်ရက် ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယနှစ်နိုင်ငံဆွေးနွေး

ဒါကာ မေ ၅

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေး ဝန်ကြီး အမ်မော့ရှ်ခန်သည် နယူးဒေလီရှိ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးထံ အင်္ဂါနေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ အချိန်ဆွဲထားခဲ့သည့် တောင်အာရှဒေသ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အသင်း(ဆာအတ်)ထိပ်သီးအစည်းအဝေး ဒါကာ၌ကျင်းပရေးအတွက် နေ့ရက်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

အိမ်ရှင်နိုင်ငံ၏ နိုင်ငံခြားရေး ဝန်ကြီးဖြစ်သော မော့ရှ်ခန်က နှစ်ကြိမ်တိုင် ရွှေ့ဆိုင်းခဲ့သည့် (၁၃)ကြိမ် မြောက် ဆာအတ်ထိပ်သီးအစည်းအဝေး ကျင်းပရေးအတွက် စက်တင်ဘာလ ၄ရက်၊ ၅ရက် သို့မဟုတ် နိုဝင်ဘာ ၁၃ရက်၊ ၁၄ရက်ကို အဆိုပြုထားကြောင်း ပုဂ္ဂလိက သတင်းဌာနဖြစ်သည့် သည်ယူနိုက်တက်နယူးစ်အေဂျင့် ဘင်္ဂလားဒေ့ရှ်က ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီမှုရရှိရေးအတွက် ဆာအတ်၏ လက်ရှိ ဥက္ကဋ္ဌဖြစ်သော အစ္စလာမ္မာဘတ်သို့ အဆိုပြုခဲ့သည့်ရက်ကို ဒါကာက အကြောင်းကြားခဲ့ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီး နိုင်ဝါဆင်းနှင့် တယ်လီဖုန်းဖြင့် ပြောကြားခဲ့သည်ဟု မော့ရှ်ခန်ကပြောကြားကြောင်း သံတမန်သတင်းများက ဖော်ပြသည်။ မိမိသည် တစ်ရက် သို့မဟုတ် နှစ်ရက်အတွင်း အတည်ပြုမည့်အကြောင်းကို ၎င်းအားသတင်းပေးပို့မည်ဖြစ်ကြောင်း ခန်ကိုဆင်းက ပြောဆိုသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဘဂ္ဂဒက်၌ လမ်းဘေးပုံးဖောက်ခွဲတိုက်ခိုက်၊ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၅

ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်ယာဉ်တန်းများကို သီးခြားစီလမ်းဘေးပုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမေရိကန်စစ်ယာဉ်တန်းများကို ပစ်မှတ်ထားပြီး အီရတ်လက်နက်ကိုင်များက မေ ၃ရက် အင်္ဂါနေ့က နေရာနှစ်နေရာတွင် သီးခြားစီ ပုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။

သေဆုံး

အဆိုပါ ပုံးဖောက်ခွဲတိုက်ခိုက်မှုများနှင့် ပတ်သက်၍ အသေးစိတ် သတင်းအချက်အလက်များ မရရှိသေးကြောင်းလည်း အဆိုပါအမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ပြီးခဲ့သည့် ၂၀၀၃ခုနှစ် မတ်လက စတင်ပြီး အီရတ်ကို ကျူးကျော်ဝင်ရောက်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏သေဆုံးမှုမှာ ယခုအချိန် အထိ ၁၅၈၅ဦးရှိခဲ့ပြီ ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တည်ဆောက်

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေး ပြည်နယ် လမ်ပါရာ ကျေးရွာ၌ ငါးဖမ်းလှေတည်ဆောက်နေမှုကို မေ ၅ရက်က တွေ့ရစဉ်။ (ယင်းဒေသတွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်က ဆူနာမီ ဒီလှိုင်းဒဏ်ခံခဲ့ရသော်လည်း ယခုနှစ်တွင် စီးပွားရေး ငါးရာခိုင်နှုန်းကျော် တိုးတက်ရန် မျှော်မှန်းထားကြောင်း အင်ဒိုနီးရှား ဘဏ္ဍာရေးဝန်ကြီး အန်ဝါက ပြောကြားခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမေရိကန်စစ်ယာဉ်တစ်စီး ကားဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် လုံခြုံရေးကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်စစ်ယာဉ်တစ်စီးကို မေ ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဆင်းရဲနွမ်းပါးသောနိုင်ငံများအား အကူအညီပိုမိုပေးရန် ကမ္ဘာ့ချမ်းသာသောနိုင်ငံများ ကတိပြုပြောကြား

ပါရီ မေ ၅

ကုလသမဂ္ဂက ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆောင်ရွက်နေသော ဆင်းရဲနွမ်းပါးသောနိုင်ငံများအား ဖွံ့ဖြိုးရေးအကူအညီပိုမိုပေးရန် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ ၃၀မှ ဝန်ကြီးများက ဗုဒ္ဓဟူးနေ့က ကတိကဝတ်ပြုပြောကြားသည်။

ပါရီမြို့၌ နှစ်ရက်ကြာဆွေးနွေးပြီးနောက် စာမျက်နှာသုံးမျက်နှာရှိ အထက်ပါ ကတိပြုကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း၊ စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေး အဖွဲ့(အိုအီးစီဒီ)ဝန်ကြီးများသည် မွန်တာရီ သဘောတူညီချက်အရ ယင်းတို့၏အကူအညီပေးရေးကောက်ခံမှု ပမာဏကို သိသိသာသာတိုးမြှင့်ရန် ကတိပြုခဲ့ကြသည်။

ကတိကဝတ်

မက္ကဆီကိုနိုင်ငံ မွန်တာရီမြို့၌ ၂၀၀၂ခုနှစ် မတ်လက နိုင်ငံခေါင်းဆောင် ၅၀က ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်တစ်စိတ်တစ်ဒေသအရ ဆောင်ရွက်နေသော ဆင်းရဲနွမ်းပါးနိုင်ငံများအား ဖွံ့ဖြိုးရေးအကူအညီများတိုးမြှင့်ပေးရန် ကတိကဝတ်ပြုထားခဲ့ကြသည်။ အလှူရှင်ငါးနိုင်ငံဖြစ်သော ဒိန်းမတ်၊လူဇင်ဘတ်၊နော်ဝေ၊ နယ်သာလန်နှင့် ဆွီဒင်နိုင်ငံတို့သည် အမျိုးသားထုတ်ကုန်၏ဝဒသမ၇ရာခိုင်နှုန်းကိုလှူဒါန်းမည်ဖြစ်ကြောင်း၊ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ဗြိတိန်၊အိုင်ယာလန်၊ ဖင်လန်၊ စပိန်နှင့်ဂျာမနီတို့သည်လည်း အကူအညီပေးရန် နေ့ရက်သတ်မှတ်၍ အာမခံထားပြီးဖြစ်ကြောင်း သိရသည်။

ယင်းတို့၏ အာမခံချက်များအရ ၂၀၀၄ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၈ ဒသမ၆ဘီလီယံမှ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၅ ဘီလီယံ အထိ အကူအညီပမာဏများ တိုးလာမည်ဖြစ်ကြောင်း အိုအီးစီဒီ၏ ကြေညာချက်၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ယုံကြည်မှုရှိပြီး အပြုသဘောဆောင်လျှင် အိုင်အေအီးအေနှင့် အီရန် ပူးပေါင်းဆောင်ရွက်မည်

တီဟီရန် မေ ၅

ယုံကြည်ကိုးစားမှုရှိပြီး အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုပြုလုပ်သည့်အချိန်တွင် ကုလသမဂ္ဂနျူကလီးယားစောင့်ကြည့်ရေးအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုကို မိမိနိုင်ငံက ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ကာမယ်လ်ခါရာဇီက ကတိပြုလိုက်ကြောင်း အီရန်သတင်းဌာန အိုင်အာရ်အင်န်အေက မေ ၂ရက် အင်္ဂါနေ့၌ သတင်းထုတ်ပြန်သည်။

နျူကလီးယား မပြန့်ပွားရေး စာချုပ် (အင်န်ပီတီ)ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံနှင့်ပတ်သက်၍ သုံးသပ်ရန် နယူးယောက်မြို့၌ နိုင်ငံတကာအဏုမြူ စွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ မိုဟာမက်အယ်ဘာရာဒီနှင့် မေ ၂ရက်ကတွေ့ဆုံ ဆွေးနွေးရာတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး ကာမယ်လ်ခါရာဇီက အထက်ပါအတိုင်း ကတိပြုလိုက်ခြင်းဖြစ်သည်။

ကတိပြု

အီရန်နိုင်ငံ၏ နျူကလီးယားကိစ္စရပ်များနှင့်ပတ်သက်၍ အဓိပ္ပာယ်နှစ်ခွ ထွက်နေမှုများကိုဖယ်ရှားပေးရေးနှင့် အိုင်အေအီးအေနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးကို အီရန်က ကတိပြုခဲ့ကြောင်း ခါရာဇီက ပြောကြားသည်။

ပြင်သစ်၊ ဂျာမနီနှင့်ဗြိတိန် သုံးပွင့်ဆိုင်နှင့် အီးယူတို့က တီဟီရန်၏ အငြင်းပွားဖွယ်ရာ နျူကလီးယားအစီအစဉ်များ အပေါ်တွင်လည်း မစ္စတာ မိုဟာမက်အီလ်ဘာရာဒီနှင့်ခါရာဇီက ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် နျူကလီးယား မပြန့်ပွားရေးစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အခွင့်အရေးကို ဘက်မလိုက်ဘဲ အကာအကွယ်ပေးရန် အဆိုပါကုလသမဂ္ဂ နျူကလီးယားမပြန့်ပွားရေးဆိုင်ရာ ညီလာခံတွင် အလေးအနက်ထားဆွေးနွေးကြလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့်လည်း ၎င်းတို့နှစ်ဦးက ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

လက်ဘနွန်မှ ဆီးရီးယားတပ်များအားလုံး ရုပ်သိမ်းပြီးဖြစ်

လက်ဘနွန်ဝန်ကြီးချုပ် အတည်ပြုပြောကြား

ဒမတ်စကက် မေ ၅

ဆီးရီးယားတပ်ဖွဲ့ဝင်အချို့ လက်ဘနွန်နယ်စပ်တွင်ရှိနေဆဲဖြစ်ကြောင်း သတင်းများပေါ်ထွက်ခဲ့ပြီးနောက် ဆီးရီးယားတပ်များအားလုံး ဆီးရီးယားနိုင်ငံသို့ ပြန်သွားကြပြီဖြစ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် နာဂျစ်မီကာတီက ဗုဒ္ဓဟူးနေ့တွင် အတည်ပြုပြောကြားလိုက်သည်။

မီကာတီသည် ဆီးရီးယား သမ္မတ ဘာရှာအယ်လ်အာဆက်နှင့် ဝန်ကြီးချုပ်တို့နှင့်တွေ့ဆုံပြီး အထက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်။ လက်ဘနွန်အရှေ့ပိုင်း ဘီကာယာတောင်ကြား ရွာတစ်ရွာအနီး ဆီးရီးယားနယ်စပ်အလွန်တွင် ဆီးရီးယားတပ်များ လက်ဘနွန်၌ရှိနေဆဲဖြစ်ကြောင်း အာရပ်ဂြိုဟ်တုတီဗွီက ထုတ်လွှင့်ပြသမှုကို တုံ့ပြန်ခြင်းအားဖြင့် မီကာတီက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ လက်ဘနွန်နိုင်ငံတွင် ၁၉၇၅ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ ဆီးရီးယားတပ်များ လက်ဘနွန်နိုင်ငံအတွင်းဝင်ရောက်ရန် ၁၉၇၆ ခုနှစ်က အဆိုပါ နယ်စပ်ကျေးရွာကို တည်ထောင်ခဲ့သည်ဟုဆိုသည်။ ကုလသမဂ္ဂ ဆုံးဖြတ်ချက်-၁၅၅၉အရ နိုင်ငံခြားတပ်များ လက်ဘနွန်မှထွက်ခွာပေးရန် ဧပြီ ၃၀ရက်ကို နောက်ဆုံးရက် သတ်မှတ်ခဲ့မှုကြောင့် ဆီးရီးယားတပ်ဖွဲ့ဝင် ၁၄၀၀၀ နှင့် ထောက်လှမ်းရေးအေးဂျင့်များအားလုံး ရုပ်သိမ်းပြီးဖြစ်ကြောင်း ဆီးရီးယားနိုင်ငံက ဧပြီ ၂၆ ရက်၌ ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖိလစ်ပိုင် ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတရေးရာဝန်ကြီး ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတရေးရာဝန်ကြီး Hon. Michael T. Defensor ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။**(အပေါ်ပုံ)**

အကျိုးတူကိစ္စရပ်များဆွေးနွေး

ဖိလစ်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတရေးရာဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း သစ်တောရေးရာဝန်ကြီးဌာနနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူငယ်လေ့လာရေးအဖွဲ့ဝင်များ ပြည်မြို့၌လေ့လာ

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်းများသို့ အပြန်အလှန်လေ့လာရေး အစီအစဉ်အရ ပြည်မြို့သို့ရောက်ရှိနေသော လူငယ် လေ့လာရေးအဖွဲ့သည် မေ ၅ ရက်တွင် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းဟန်၊ တိုင်း၊ခရိုင်၊မြို့နယ်အသင်းအလုပ်အမှုဆောင်များနှင့်အတူ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးရင်ပြင်တော်၌ သန့်ရှင်းရေးလုပ်အား ဒါနကုသိုလ်ပြုကြပြီး ရင်ပြင်၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အပန်းဖြေလေ့လာ

ဆက်လက်၍ ပြည်တက္ကသိုလ်သို့ သွားရောက်ကြရာ ဒုတိယပါမောက္ခချုပ် ဦးဝင်းမြင့်နှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ၊ဆရာမများက ကြိုဆိုကြပြီး တက္ကသိုလ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီအပါအဝင် အပင် ၁၀၀ကျော် စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် တက္ကသိုလ်သမိုင်းအကြောင်းရှင်းလင်းပြောကြားပြီး လူငယ်လေ့လာရေးအဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် ပြည်မြို့ နဝဒေးမြစ်ကူးတံတားရှုခင်းသာ၌ အပန်းဖြေလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ ဟိုတယ်စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၆

ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်နေသော ဟိုတယ်စီမံကိန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အထက်ပန်းဆိုးတန်းလမ်းရှိ Rose Garden ဟိုတယ်စီမံကိန်းသို့ သွားရောက်စစ်ဆေးပြီး ဟိုတယ်ပဏာမ ဖွင့်လှစ်နိုင်ရေးနှင့် ဟိုတယ်ဝင်းအတွင်း မြေအခင်းအကျင်းပြုပြင်ပြီး သာယာလှပရေးတို့ကို စီမံဆောင်ရွက်ကြရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ Hotel Sofitel စီမံကိန်းသို့ သွားရောက်ပြီး တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အချိန်မီပြီးစီးရေး

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် ရေးဦးစွာ ကန်တော်ကြီး ကန်ရိပ်သာလမ်းရှိ Shangri-La ဟိုတယ်စီမံကိန်း၏ တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးဟိုတယ်ဝင်းအတွင်း သန့်ရှင်းသပ်ရပ်ရေး၊ ကန်တော်ကြီးပတ်ဝန်းကျင်နှင့် လိုက်ဖက်ညီစွာမြေအခင်း အကျင်းပြုပြင်ရေး၊ လုပ်ငန်းစီမံကိန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကျောက်ဆည်အသင်း(ရန်ကုန်)စည်းဝေး

ရန်ကုန် မေ ၆

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဧပြီလ လပတ်အစည်းအဝေးကို အသင်းတည်ရှိရာ တာမွေမြို့နယ် မေတ္တာညွှန့်ဈေးသစ်အနီးအဆောက်အအုံတွင် ဧပြီ ၃၀ရက် နေ့လယ်ပိုင်းကကျင်းပရာ အသင်းဥက္ကဋ္ဌ၊ဒုဥက္ကဋ္ဌများ၊အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊အလုပ်အမှုဆောင်များနှင့် လေ့လာသူများတက်ရောက်ကြသည်။

အသင်း၏အစည်းအဝေးမှ ရန်ကုန်ရောက် ကျောက်ဆည်ခရိုင်သူ၊ခရိုင်သားများ၏ သာရေး၊နာရေးထောက်ပံ့မှုများကို အချိန်နှင့် တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ကြရန်၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင်တက္ကသိုလ်ဝင်တန်းအောင်မြင်သူများမှ ဂုဏ်ထူးရရှိသူများကို ပညာရည် ချွန်ဆုချီးမြှင့်ရန်၊ ကျောက်ဆည်မြို့တွင်ကျင်းပမည့် ဆင်လှူပွဲတော်နှင့် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပမြဲဖြစ်သည့် ရွှေသာလျောင်း စေတီပူဇော်ပွဲသို့ ယမန်နှစ်များကအတိုင်း ကမ္ဘောဇဘဏ်လီမိတက်၏ပံ့ပိုးမှုဖြင့် ဆုချီးမြှင့်ခြင်း၊ လှူဒါန်းခြင်းများ ဆောင်ရွက်သွားရန် ဆုံးဖြတ်ကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(က-ပ)**

သန့်ရှင်းရေးအရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး စီမံချက်များရှင်းလင်း

ရန်ကုန် မေ ၆

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၏သန့်ရှင်းရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးစီမံချက်များ ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ ရန်ကုန် အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိုန်နှင့်အဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ စက်မှုဇုန်များမှ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်နှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိုန်တို့က အသီးသီး အမှာစကားပြောကြားကြပြီး မြို့နယ်ဥက္ကဋ္ဌများနှင့် စက်မှုဇုန်များမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များက သန့်ရှင်းရေးအရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးအတွက် စီမံဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်က နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(၄၀၀)**

၂၀၀၅ခုနှစ် ထိုင်းကုန်စည်ပြပွဲကို အထက်ပုဇွန်တောင်လမ်းရှိ ကုန်သွယ်မှုဇုန်ဟိုဌာန၌ မေ ၄ရက်မှ စတင်ကျင်းပလျက်ရှိရာ အရောင်းပြခန်းများအား တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရတနာပြတင်း ပန်းချီပြပွဲ အကြိုမိတ်ဆက်တွေ့ဆုံပွဲကျင်းပ

ရန်ကုန် မေ ၆

ရတနာပြတင်း ပန်းချီပြပွဲအကြို စာနယ်ဇင်းတွေ့ဆုံပွဲကို ကန်တော်ကြီး ဥယျာဉ်စိုက်ပျိုးရေးပြတိုက်၌ ယနေ့နံနက်၉နာရီကကျင်းပရာ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ ပန်းချီ၊ ရုပ်ရှင် အနုပညာရှင်များ တက်ရောက်ကြသည်။

ရတနာပြတင်းပန်းချီပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း အမှတ် ၁၈၇၊ ၁၉၂ရှိ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ခန်းမတွင် မေ ၁၆ ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ပန်းချီကားပေါင်း ၆၀ ပြသမည်ဖြစ်ကြောင်း၊ ပန်းချီဆရာစိုးမြင့်ဒွမ်းက ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ ပန်းချီနှင့်ရုပ်ရှင်အနုပညာရှင်များက သိလိုသည်များဆွေးနွေးကာ မိတ်ဆက်တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၀၅
(စနေနေ့)

၇:၀၀	**MRTV-4** အဖွင့် **Logo** ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ဦးခိုက်ဖူးမြော်ရွှေမော်ဓောစေတီတော်
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	ပြည်တွင်းသတင်းအကျဉ်း
၇:၃၅	၂၀၀၄ ခုနှစ် မြန်မာ့အကောင်းဆုံး အားကစားသမားများအား ဆုချီးမြှင့်ခြင်း
၈:၀၀	ဂီတသံစဉ်အလှဆင်
၈:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၂၀	ဂက်စ်မီးဖိုနှင့် ဖြစ်တတ်သော အန္တရာယ်များ
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	မြန်မာနိုင်ငံသစ်တောကျောင်း
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	ပြည်တွင်းသတင်းအကျဉ်း
၈:၅၀	အိုင်အိုဒင်းဆားဆွေးနွေးခန်း
၉:၀၀	ဝါသနာရှင်စင်မြင့်
၉:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀	အမှတ်(၃)စက္ကူစက်ရုံ(ပလိပ်)
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀	နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	ဂုံညင်းတန်းတံတား
၁၀:၄၅	လယ်ယာထွန်စက်
၁၁:၀၀	**MRTV-4** အပိတ် **Logo**

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များ ရောဝတီတိုင်းအတွင်း လေ့လာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် လေ့လာရေးအဖွဲ့အား တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်လူငယ်များ အပြန်အလှန် လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးအစီအစဉ်အရ ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာရန်အတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၂ရက် နံနက်ပိုင်းက ဗိုလ်မြတ်ထွန်းတံတား ရှင်းလင်းဆောင်၌ ဗိုလ်မြတ်ထွန်းတံတား ရေရှည်တည်တံ့ခိုင်မြဲမှု ထိန်းသိမ်းရေးတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးစိုးမောင်က တံတားနှင့် ပတ်သက်သည့် အချက်အလက်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာရှိ ရွှေမေတ္တာ ဓိဝဓာတ်မြေသြဇာစက်ရုံသို့ လည်းကောင်း၊ ပုသိမ်တက္ကသိုလ် ဓိဝ နည်းပညာဖွံ့ဖြိုးရေးဌာနသို့ လည်းကောင်း၊ ပုသိမ်မြို့ရှိ ဒေသထွက် ရွှေမြင်းပျံဟာလဝါလုပ်ငန်းသို့ လည်းကောင်း၊ ယုဇနကုမ္ပဏီက ဝေန်မြစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အအေးခန်းနှင့် ငါးမွေးမြူရေးကန်များသို့လည်းကောင်း၊ အမှတ်(၄) အထပ်သားစက်ရုံသို့ လည်းကောင်း သွားရောက်ကြည့်ရှု လေ့လာကြပြီး ညပိုင်းတွင် လေ့လာရေးအဖွဲ့ဝင်များသည် ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်၍ စေတီတော်မြတ်ကြီးအတွက် ဂေါပကအဖွဲ့သို့ အလှူငွေကျပ် ၂၀၀၀၀ကို လှူဒါန်းသည်။

စိုက်ပျိုး

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၃ရက် နံနက်ပိုင်းက ပုသိမ်မြို့ အစိုးရနည်းပညာကောလိပ်ရှေ့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ချီးမြှင့်သည့် လူငယ်လေ့လာရေး အထိမ်းအမှတ်အဖြစ် ကံ့ကော်နှင့် ခရေပင်များ စိုက်ပျိုးခဲ့သည်။

အမှာစကားပြောကြား

ဆက်လက်၍ နံနက်ဂနာရီခွဲတွင် တိုင်းအသင်းရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လူငယ်လေ့လာရေးအဖွဲ့ဝင်များအား တွေ့ဆုံ အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

ထို့နောက် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် သာပေါင်းမြို့ရှိ ပျော့ဖတ်စက်ရုံသို့ လည်းကောင်း၊ ချောင်းသာကမ်းခြေသို့ လည်းကောင်း သွားရောက်လေ့လာကြပြီး ညပိုင်းတွင် ချောင်းသာကမ်းခြေ၌ မီးပုံပွဲဖြင့် ပျော်ရွှင်စွာ အပန်းဖြေကြသည်။

ကြည့်ရှုလေ့လာ

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ၄ရက်တွင်မအူပင်တက္ကသိုလ်သို့ လည်းကောင်း၊ မအူပင်အစိုးရနည်းပညာကောလိပ်သို့ လည်းကောင်း၊ မအူပင်ဆေးရုံသို့ လည်းကောင်း၊ ဝါးတောငါးမွေးမြူရေးကန်သို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းများဇွန်၁ရက်တွင် ဖွင့်လှစ်မည်

ရန်ကုန် မေ ၆

၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ်ပုံမှန်သင်တန်းများဖြစ်သော ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်းများ၊ အလယ်တန်းဆရာအတတ်သင် တစ်နှစ် သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ)ပေါင်းကူး နှစ်နှစ်သင်တန်းနှင့် ဆရာအတတ်ပညာ ဒီပလိုမာ တစ်နှစ်သင်တန်းတို့ကို ၂၀၀၅ခုနှစ် ဇွန် ၁ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေလနောက်ဆုံးပတ်အတွင်း ရောက်ရှိသတင်းပို့ကြရန် ပြည်နယ်/တိုင်းအသီးသီးသို့ နှိုးဆော်အကြောင်းကြားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဗျာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ မေလအတွက်

(၈-၅-၂၀၀၅) ရက်နေ့

နှင့်

(၂၉-၅-၂၀၀၅) ရက်နေ့

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မြစ်ကြီးနားသို့ လှည့်လည်လေ့လာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအကောင်အထည်ဖော်နိုင်မှု ဆွေးနွေး

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်းများ အပြန်အလှန် လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးအစီအစဉ်အရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံနှင့် ပြည်နယ်အလုပ်အမှုဆောင်များ လိုက်ပါလျက် မေ ၃ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့နယ် ရွှေအိုက်ကျေးရွာအနီးရှိ နည်းပညာကောလိပ်ဥပစာ၌ကျင်းပသည့် လေ့လာရေးခရီးစဉ်အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး စုစုပေါင်းပျိုးပင် ၁၀၀၀ကျော်ကို တပျော်တပါးစုပေါင်းပြီး အမှတ်တရစိုက်ပျိုးကြသည်။

ထို့နောက် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသော ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်နယ်နှင့်တိုင်း အပြန်အလှန်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေးခရီးစဉ် လူငယ်ကိုယ်စားလှယ်များ အတွေ့အကြုံဖလှယ်ရေး ဆွေးနွေးပွဲသို့တက်ရောက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်၌ ဒေသအလိုက် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုဖွံ့ဖြိုး တိုးတက်မှုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှု၊ အသင်းအဆင့်ဆင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး အောင်မြင်စွာအကောင်အထည်ဖော်ဆောင်မှု စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့် တိုင်းအလိုက် လူငယ်ကိုယ်စားလှယ်များက အသီးသီး ဆွေးနွေးတင်ပြကြသည်။

ကြည့်ရှုလေ့လာ

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်သူ့ဈေး အမှတ်(၁)နှင့် (၂)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ညပိုင်းတွင် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

ရန်ကုန် မေ ၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၄၂ လက်မနှင့် မောင်တောမြို့တွင် ၀ ဒသမ ၈၇ လက်မတို့ဖြစ်ကြသည်။ နေ့အပူချိန်များမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ပဲခူးတိုင်းတွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် ညောင်ဦးမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေလ ၇ ရက် ညနေအထိခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

မေ ၆ရက်က လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံ၊ နံရံကပ်စာစောင် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို လှိုင်မြို့နယ် (၁၅)ရပ်ကွက်တွင် ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဆွေနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်ဝင်းဝင်းရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

မိုး

သတိပြု



စာရင်းစစ်များလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ

ရန်ကုန် မေ ၆

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၂) ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မော်လမြိုင်၌ လှည့်လည်လေ့လာ လေ့လာရေးခရီးစဉ်အထိမ်းအမှတ် အရိပ်ရပင်များစိုက်ပျိုး

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်းများသို့ အပြန်အလှန် လေ့လာရေးအစီအစဉ်အရ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်း အသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ ၄ရက် နံနက်ပိုင်းတွင် မော်လမြိုင်ကွန်ပျူတာကောလိပ်သို့ ရောက်ရှိလေ့လာကြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ ကွန်ပျူတာကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာနီလာသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီးကွန်ပျူတာကောလိပ်၌ လေ့လာရေးခရီးစဉ် အထိမ်းအမှတ်အဖြစ် အရိပ်ရသစ်ပင်များ စိုက်ပျိုးကြသည်။

လှူဒါန်း

ဆက်လက်၍ လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် မော်လမြိုင်စက်မှုဇုန်**(အောက်ပုံ)**သို့ သွားရောက်လေ့လာကြပြီး ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြကာ ဆုတောင်းပြည့်ဘုရား ဂေါပကဥက္ကဋ္ဌထံ အလှူတော်ငွေကျပ် ၁၅၀၀၀ကို လှူဒါန်းသည်။

ထိုမှတစ်ဆင့် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် ပြည်နယ်ယဉ်ကျေးမှုပြတိုက်ကို သွားရောက်လေ့လာကြပြီး မော်လမြိုင်မြို့ ငွေမိုးဟိုတယ်ခန်းမဆောင်၌ ကျင်းပသော ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ဝင်များ အတွေ့အကြုံဖလှယ်ရေး အခမ်းအနားသို့ တက်ရောက်ကာ လူငယ်လေ့လာရေး ကိုယ်စားလှယ်များက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ အဆိုပါ လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ညပိုင်းတွင် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပသော မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီဖူးမြော်ကြည်ညို တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားမှု ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lt.Gen, Daljeet Singh နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra တို့လိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ တပ်မတော်အမှတ်(၃) တပ်မကြီးမှူး Lt.Gen, Daljeet Singh နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်ရှိ ဧည့်ခံတန်ဆောင်း၌ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ဆီမီး၊ နံ့သာများဖြင့် ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် Lt.Gen, Daljeet Singh သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ရွှေတိဂုံစေတီပုံတော်ကို လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ရှင်းလင်းပြသ

ယင်းနောက် Lt.Gen, Daljeet Singh နှင့်ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော် ကြည်ညိုကြရာ **(အပေါ်ပုံ)** ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စေတီတော် နောက်ခံသမိုင်းနှင့် စေတီတော်၏ အံ့ဖွယ်များကို လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် Lt.Gen, Daljeet Singh နှင့် ဇနီးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ ကာကွယ်ရေးဝန်ကြီးဌာန စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံးမှ ဒုတိယတပ်မတော် မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် Lt.Gen, Daljeet Singh နှင့် ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် တပ်မတော် စစ်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် Lt.Gen, Daljeet Singh သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၆

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၅ ခုနှစ်အတွက် (၁၆)ကြိမ်မြောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ယခုနှစ်တွင် ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲ၊ အခြေခံပညာ အလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာအထွေထွေဗဟုသုတဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်(၄)ရပ် ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်မှာ ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀ မှ ၈၀၀၀အတွင်း၊ ဆောင်းပါးသည် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း၊ ကဗျာသည် စာလုံးရေ ၃၀၀ မှ ၉၀၀ အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"**ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း၊ ရန်ကုန်မြို့သို့ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ပေးပို့ရမည် ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်း တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၅ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည် ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးချွန်ကြက်ခြေနီများ ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ-၂၀၀၅ သို့ တက်ရောက်နေကြသော ပြည်နယ်နှင့်တိုင်း အသီးသီးမှ ထူးချွန်ကြက်ခြေနီမောင်မယ်များသည် ရန်ကုန်မြို့တွင်းလေ့လာရေး အစီအစဉ်အဖြစ် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြရာ ဌာနမှူး ဦးသိန်းဇော်က စေတီတော်၏သမိုင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထူးချွန်ကြက်ခြေနီမောင်မယ်များသည် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင် ဦးကံမြင့်နှင့် ဦးစန်းမြင့်တို့က ရုပ်ပွားတော်မြတ်ကြီး၏ သမိုင်းကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် မီးသတ်သင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးကျော်မင်းက မီးသတ်ပညာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်ခြင်း၊ အသက်ကယ်ခြင်းများကို လက်တွေ့သရုပ်ပြကြသည်။ မွန်းလွဲပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာနသို့ ရောက်ရှိကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးသိန်းအောင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနများ၏ လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

၁၉၆၉ ခုနှစ် မြန်မာစာဘွဲ့ရ ကျောင်းသားကျောင်းသူများ၏အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၆

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ၁၉၆၉ခုနှစ် ဝိဇ္ဇာ(မြန်မာစာ) ဘွဲ့ရ ကျောင်းသားကျောင်းသူများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မေ ၂၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တက္ကသိုလ်များဓမ္မာရုံ (ရန်ကုန်)၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အာစရိယပူဇော်ပွဲနှင့် ပတ်သက်၍ စုံစမ်းရန်နှင့် လှူဒါန်းငွေများထည့်ဝင်ရန် ဦးတင်အောင် ဖုန်း-၀၁-၂၅၆၉၀၈၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၈၀-၂၄၆၇၉၊ ဦးသိန်းထွန်း ဖုန်း-၀၁-၂၉၁၁၅၁၊ ဦးမြင့်အုန်း ဖုန်း-၀၉-၈၀-၂၁၅၅၄၊ ဒေါ်ရီရီသန်း ဖုန်း-၀၁-၅၅၂၇၃၃၊ ဒေါ်တင်အေးကျော် ဖုန်း-၀၁-၅၄၈၁၂၉၊ ဒေါ်မြမြဟိန်း ဖုန်း-၀၁-၂၄၃၃၆၃၊ ဒေါ်စိုးမြင့် ဖုန်း-၀၁-၅၆၆၉၁၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်မြို့နယ် မူလတန်းလွန်ကျောင်းအမှတ်(၁၀)တွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို ဧပြီ ၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါခင်က စတုတ္ထတန်းကျောင်းသူ မအိမ့်ရတနာစိုးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(က-ပ)

မေ၆ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ရုရှားနိုင်ငံ၏ နှစ်(၆၀)ပြည့် ဖက်ဆစ်ဝါဒအောင်ပွဲနေ့ အခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Oleg V. Kabanov နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် ထားဝယ်ခရိုင်ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံ စီမံကိန်းရည်မှန်းချက်အောင်မြင်ရေးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၆

တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ၄ရက် နံနက်ပိုင်းက ထားဝယ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံကြီးပထမထပ်ရှိ မျက်စိ၊နား၊နှာခေါင်း၊လည်ချောင်း ဆေးကုသဆောင်သို့ ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်လူနာများအား နှုတ်ဆက်အားပေးသည်။

ညွှန်ကြားဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် ခွဲစိတ်ကုသဆောင်နှင့်အတွင်းလူနာဆောင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထားဝယ်မြို့ သူနာပြုသင်တန်းကျောင်းသို့ သွား ရောက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာကြူနှင့် သူနာပြုသင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လိုအပ်သည်များမှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက်တိုင်းမှူးသည် ထားဝယ် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးသို့ သွားရောက်၍ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို နှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများအား တွေ့ဆုံကာ စီမံကိန်းရည်မှန်းချက် တာဝန်များအောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးမှာကြားပြီး ဝန်ထမ်းဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည် ထားဝယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့လည်းကောင်း၊ အစိုးရနည်းပညာကောလိပ်သို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ၃ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးအသင်း လူငယ်များ လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ လေ့လာရေးခရီး ရောက်ရှိနေသည့် ပြည်နယ်နှင့် တိုင်းများမှ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များ အင်းလေးဒေသ အင်းပေါခုံရှိ မြစကြာရက်ကန်းရုံတွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

အမှတ်(၂)ရပ်ကွက်၌ လည်းကောင်း၊ ကရင်ပြည်နယ်မှ ကိုယ်စားလှယ် ၃၄ ဦးတို့သည်ညောင်ဦးမြို့ အမှတ် (၃) ရပ်ကွက်၌ လည်းကောင်း၊ ချင်းပြည်နယ်မှ ကိုယ်စားလှယ် ၃၄ဦးတို့သည်ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက်၌လည်းကောင်း၊ တနင်္သာရီတိုင်းမှ ကိုယ်စားလှယ်၃၄ဦးတို့သည်ညောင်ဦးမြို့ အမှတ်(၅) ရပ်ကွက်၌လည်းကောင်း၊ မွန်ပြည်နယ်မှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့အမှတ်(၆)ရပ်ကွက်၌ လည်းကောင်း၊မန္တလေးတိုင်းမှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့နယ်ဝက်ကြီးအင်းကျေးရွာ၌လည်းကောင်း အသီးသီးတည်းခိုနေထိုင်ကြသည်။

အလားတူ ရန်ကုန်တိုင်းမှကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကိုယ်စားလှယ်၃၄ဦးနှင့် ရခိုင်ပြည်နယ်မှ ကိုယ်စားလှယ် ၃၄ဦးတို့ သည် ညောင်ဦးမြို့ ကျန်စစ်သားရပ်ကွက်၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့မှ ကိုယ်စားလှယ် ၃၄ ဦးစီတို့သည် ညောင်ဦးမြို့ အနော်ရထာရပ်ကွက်၌လည်းကောင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)မှ ကိုယ်စားလှယ် ၃၄ ဦးတို့သည် ညောင်ဦးမြို့ သီရိပစ္စယာရပ်ကွက်၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းမှ ကိုယ်စားလှယ်၃၄ဦးတို့သည် ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ၌လည်းကောင်း၊ ဧရာဝတီတိုင်းမှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌လည်းကောင်း၊ မကွေးတိုင်းမှ ကိုယ်စားလှယ် ၃၄ဦးတို့သည် ညောင်ဦးမြို့နယ် ဖွားစောကျေးရွာ၌ လည်းကောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)မှ ကိုယ်စားလှယ် ၃၄ ဦးတို့သည် ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ၌လည်းကောင်း အသီးသီး တည်းခိုနေထိုင်ကြသည်။

မိသားစုအသွင်ရင်းနှီး

ယင်းသို့ ဒေသခံပြည်သူများ၏ နေအိမ်များတွင် တည်းခိုနေထိုင်ကြစဉ်အတွင်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဝိုင်းဝန်း လုပ်ဆောင်ပေးကြရင်း မိသားစုအသွင်ဖြင့် ရင်းရင်းနှီးနှီး နေထိုင်လျက်ရှိကြသည်။

(သတင်းစဉ်)

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည့် လူငယ်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြမည့် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပြည်နယ်နှင့် တိုင်းများမှ လူငယ်ကိုယ်စားလှယ်များ ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိလာကြစဉ်။

(သတင်းစဉ်)

လူငယ်ကိုယ်စားလှယ်များပုဂံ-ညောင်ဦးရောက်ရှိ

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည့် လူငယ်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြမည့် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်များ ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိလာကြစဉ်။

(သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များကျိုင်းတုံ၌ လှည့်လည်လေ့လာ ယန်းလောကျေးရွာအောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းကြည့်ရှု

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များအပြန်အလှန်လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့ ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ် လေ့လာရေးအဖွဲ့ဝင်များသည် မေ၄ရက်တွင် ပြည်နယ်၊ခရိုင်နှင့်မြို့နယ်အသင်း အလုပ်အမှုဆောင်များ ဦးဆောင်၍ ကျိုင်းတုံမြို့ အစိုးရကွန်ပျူတာကောလိပ်သို့ သွားရောက်လေ့လာကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီစုသွင်က ကွန်ပျူတာကောလိပ်၏ သမိုင်းကြောင်း၊ လုပ်ငန်းစဉ်နှင့်ဖွဲ့စည်းပုံများ ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ် လေ့လာရေးအဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီးသို့သွားရောက်ဖူးမြော်ပြီး အလှူငွေများကိုဂေါပက အဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ဒီဂရီကောလိပ်ကို သွားရောက်လေ့လာပြီး ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။ ထို့နောက် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် ယဉ်ကျေးမှု ပြတိုက်ကိုလည်းကောင်း၊သစ်တစ်ပင်တောင် ကညင်ပင်ကြီးကိုလည်းကောင်း သွားရောက် လေ့လာကြသည်။

ထို့နောက်လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော လေ့လာရေးလူငယ် မောင်မယ်များအား ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယက တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၏ ကြိုဆို နှုတ်ခွန်းဆက်အခမ်းအနားသို့ တက် ရောက်ကြသည်။

ဖွံ့ဖြိုးတိုးတက်မှု

ဆက်လက်၍ လူငယ်လေ့လာရေး အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ (အရှေ့ပိုင်း)ရုံး၌ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မေ၅ရက်တွင် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စုရှိ အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက်လွယ်လုံကျေးရွာအတွင်းရှိ နဂါးမောက်သီးပင် စိုက်ခင်းကိုလည်းကောင်း၊ ကြက်မွေးမြူရေးခြံကိုလည်းကောင်း၊ လိုက်ချီးနှင့် ပျားလိမ္မော်စိုက်ခင်းတို့ကိုလည်းကောင်း၊ ယန်းလောရေပူစမ်းကို လည်းကောင်း သွားရောက် ကြည့်ရှုလေ့လာကြသည်။

သစ်ပင်များစိုက်ပျိုး

ဆက်လက်၍ လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ အစိုးရနည်းပညာ ကောလိပ်သို့သွားရောက်လေ့လာကြပြီး အစိုးရနည်းပညာကောလိပ်ရှေ့၌ ကျင်းပသော သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယကတြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးပြီး လူငယ်လေ့လာရေး အဖွဲ့ဝင်များက ဝက်သစ်ချပင်များကို စိုက်ပျိုးကြသည်။

(သတင်းစဉ်)

မယိုမအက် ကွဲမထွက် တက်ညီလက်ညီလှော်

ရတနာစည်ဆရာတော် (လွိုင်လင်)

(က)

ဤပြည်ထောင်စု မြန်မာနိုင်ငံတော်ရှိ နိုင်ငံသူ နိုင်ငံသားတို့သည် သမိုင်းမတင်မီခေတ်ကတည်းက ဤမြေမှာ ပေါက်ဖွားပြီး ဤမြေ၏သီးနှံကိုစားကာ ဤမြေ၏ရေကိုသောက်ရင်း ဤမြေကိုတုံ့ပြန်ကောင်းကျိုးပြုသည့် မျိုးချစ်စိတ်ဓါတ်ရှိပြီးသူများဖြစ်ခဲ့ကြ၏။ ဘာသာစကား၊ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးစံများ ကွဲပြားခြားနားကြသည့်တိုင်အောင် ဤမြေကို ချစ်မြတ်နိုးခြင်း၌ မကွဲမပြား တစ်သားတည်း ရှိခဲ့ကြသူများဖြစ်၏။

ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကြီးဟူသော လှေကြီးထဲ၌ တစ်ခရီးတည်း စီးခဲ့ကြပြီးနောက် ရေယိုဝင်မှု၊လှေအက်ကွဲမှုများ ကြုံလာတိုင်း ဝိုင်းဝိုင်းဝန်းဝန်း ပြုပြင်ကြကာ နိုင်ငံတော်တည်းဟူသော လှေကြီးကို ကြံ့ခိုင်သစ်လွင်စေရင်း ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်ဟူသော သမိုင်းရေစီး၌ တက်ညီလက်ညီ လှော်ခတ်ခဲ့ကြသည့် အစဉ်အလာကြီးမားသူများဖြစ်ခဲ့ကြ၏။

မျိုးနွယ်စုပေါင်း ၁၀၀ကျော်ရှိခဲ့ရာဝယ် မည်သည့်ခေတ်၌မဆို ညီရင်းအစ်ကိုစိတ်ဓာတ်၊ ညီညွတ်ပေါင်းစည်းစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်တို့ဖြင့် အချင်းချင်း ချစ်ချစ်ခင်ခင် စုစည်းနေထိုင်ခဲ့ကြသူများသာဖြစ်၏။ အထူးသဖြင့် မြတ်ဗုဒ္ဓ၏ အဆုံးအမများဖြစ်သော **“သမဂ္ဂါနံ တပေါ သုခေါ**=ညီညွတ်သူတို့၏ချမ်းသာခြင်း” ကို လက်ငင်းကျင့်ဆောင် ခံစားနေခဲ့ကြသူများဖြစ်၏။ **“ဝိဝါဒံ ဘယတော ဒိသွာ**=ကွဲပြားခြင်းသည် ဘေးဘယာ” **“အ ဝိဝါဒဉ္စ ခေမတော** = ညီညွတ်ခြင်းသည် အေးသာယာ” ဟု လိုက်လိုက်လဲ့လဲ့ ထဲထဲဝင်ဝင် သိမြင်ကျင့်သုံးခဲ့ကြသူများဖြစ်၏။

သည်သို့သော အမျိုးဂုဏ်၊ ဇာတိဂုဏ် အဟုန်မြင့်မား ဝင့်ကြွားခဲ့သော မြန်မာနိုင်ငံကိုအနောက်ကိုလိုနီနယ်ချဲ့တို့က ၁၈၈၅ခုနှစ်နိုဝင်ဘာလ၌ တစ်နိုင်ငံလုံး ကျွန်ပြုခဲ့သည်တွင် ထိုထိုအမွန်အမြတ် အကောင်းဓာတ်မှန်သမျှ တစ်စစီ တစ်စစီ ကြေမွပြုန်းတီးသွားအောင် အစီအစဉ်ရှိရှိ ဖိနှိပ်စိုးမိုး အုပ်ချုပ်လာခဲ့၏။ ထိုမှ မြန်မာနိုင်ငံသားတွေ ပြန်လည်နိုးကြားလာကြကာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ၌ တစ်နိုင်ငံလုံး လွတ်လပ်ရေးပြန်လည်ရရှိလာသောအခါ “ပြည်ထောင်စု မြန်မာနိုင်ငံတော်” အဖြစ် အားသစ်မာန်ထား ကြိုးစားထူထောင်ခဲ့ကြရာဝယ် ဒီမိုကရေစီစနစ်ဖြင့် ချီတက်ခဲ့ကြရင်း စနစ်၏ကောင်းကွက်ကို လင်းလက်အောင် မဖော်ဆောင်နိုင်ကြဘဲ စနစ်၏ဟာကွက်၊ ပျော့ကွက်ထဲ၌သာ သဲသဲလှုပ်နစ်မြုပ်ကာ ကြမ္မာငင်ရသော ဖြစ်စဉ်ဖြစ်ရပ်များချည်း ပြွမ်းတီးခဲ့ရပါတော့သည်။

အမှန်ပြောရလျှင် **အနောက်ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို သူတို့စိတ်တိုင်းကျ အုပ်ချုပ်ရစဉ်ကလည်း တောင်ပေါ်နှင့်မြေပြန့် အကန့်ကန့်ကာ သွေးခွဲအုပ်ချုပ်ခဲ့သကဲ့သို့ မပေးမဖြစ်တော့၍ လွတ်လပ်ရေးပေးရတော့မှာ မုချဟု သိလာရချိန်မှာလည်း သွေးခွဲရေးပိုက်ကွန်ကို ကျယ်ပြန့်စွာဖြန့်ချထားခဲ့** လေ၏။

လူမျိုးတစ်မျိုးနှင့်တစ်မျိုး မုန်းတီးရေး၊ လူမျိုးကြီးတစ်မျိုး၊ နှစ်မျိုးအပေါ် လူမျိုးငယ်များက မုန်းတီးရေးတို့ကိုသာ အနောက်ကိုလိုနီနယ်ချဲ့တို့က အစီအစဉ်ရှိရှိ သပ်လျှိုထားခဲ့လေ၏။ ရှင်းရှင်းပြောရလျှင် ကိုလိုနီနယ်ချဲ့တို့သည် မပေးမဖြစ်၍ လွတ်လပ်ရေးပေးခဲ့ခြင်းနှင့်အတူ ပြည်ထောင်စုပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရေးတို့ကိုပါ တစ်ပါတည်းပေးခဲ့ပါလေ၏။

ထို့ကြောင့်ပင် လွတ်လပ်ရေးနှင့်အတူ လူမျိုးရေးအကြောင်းပြု သောင်းကျန်းမှုများ၊ ဝါဒရေးအကြောင်းပြု သောင်းကျန်းမှုများ ပေါ်ပေါက်လာကာ တိုင်းသူပြည်သားတို့မှာ လွတ်လပ်ရေးအရသာ မမြည်းနိုင်သေးခင်မှာပင် သောင်းကျန်းဒဏ် ခါးစည်းခံခဲ့ရပါတော့၏။

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် လွတ်လပ်ရေးရခဲ့ပြီး ၁၉၄၈ခုနှစ် မတ်လ ၂၈ရက်၌ ဗကပတို့ လက်နက်ကိုင်တောခိုခြင်းနှင့်အတူ လူမျိုးစွဲဝါဒ၊ လူမျိုးခွဲဝါဒ၊ တိုင်းရင်းသားချင်း မုန်းတီးရေးဝါဒတို့ဖြင့် လက်နက်ကိုင်သောင်းကျန်းမှု အလျှိုအလျှိုပေါ်ပေါက်ခဲ့ရာ တပ်မတော်ကသာ နိုင်ငံတော်ကို မကာကွယ် မထိန်းမတ်နိုင်ခဲ့လျှင် လွတ်လပ်ရေးရ၍ လအနည်းငယ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်ပြိုကွဲခဲ့မည်မုချဖြစ်ခဲ့၏။

(ခ)

၁၉၄၉ခုနှစ်၌ လက်နက်ကိုင်သောင်းကျန်းသူတစ်ဖွဲ့ဖြစ်သော ကေအင်န်ဒီအိုတို့က ရှမ်းပြည်နယ် အရှေ့တောင်ပိုင်းရှိ နယ်မြေအချို့ကို သိမ်းပိုက်ပြီး သီးခြား ကရင်ပြည်နယ် ထူထောင်မည်ဟု ကြွေးကြော်နေချိန်မှာ ရှမ်းစော်ဘွားများနှင့် အဆက်အနွယ်များက ရှမ်းပြည်နယ်ကို ပြည်ထောင်စုမှခွဲထွက်ရန် ကြံစည် လုံးပမ်းခဲ့ကြကုန်၏။

သည်အချိန်၌ပင် တရုတ်ပြည်ကြီးဝယ် ချန်ကေရှိတ်အစိုးရ အရေးနိမ့်ခဲ့ရာ ယင်းအစိုးရ၏ တရုတ်ဖြူတပ်မကြီး အမှတ်(၉၃)သည် ယူနန်ပြည်နယ်မှ တစ်ဆင့် ရှမ်းပြည်နယ်ထဲသို့ ကျူးကျော်ဝင်ရောက်တပ်စွဲအခြေချခဲ့၏။ တရုတ်ဖြူများသည် နီးစပ်ရာနယ်ရှင် ရှမ်းစော်ဘွားများကို လက်ဆောင်ပဏ္ဏာ၊ ဥစ္စာဓနပေးကမ်းပြီး စည်းရုံးနိုင်ခဲ့သောကြောင့် နယ်ရှင်စော်ဘွားများကိုယ်တိုင်က သဘောကျလက်ခံထားသည့် အနေအထားအထိ ရောက်လာရာ တရုတ်ဖြူများသည် နယ်မြေများ ဆက်လက်တိုးချဲ့လာနိုင်ခဲ့ပြီး မိုင်းမော၊ မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းပန်၊ မိုင်းရှူး၊ မိုင်းပုအွန်၊ ပုံပါကျင်၊ တာချီလိတ်စသည့် နယ်မြေများမှာ တရုတ်ဖြူလွှမ်းမိုးမှု ဩဇာအောက် ကျရောက်ခဲ့ရလေ၏။

ထို့ကြောင့် တည်ဆဲဖဆပလအစိုးရက ကုလသမဂ္ဂသို့ တရားဝင်တိုင်ကြားကန့်ကွက်ခဲ့သည့်တိုင် အနောက်နိုင်ငံကြီး၏ အကူအညီတိုက်ရိုက်ရရှိနေသည့် တရုတ်ဖြူတို့က ရှမ်းပြည်နယ်မှ လုံးဝဆုတ်ခွာပေးခြင်းမရှိ။ သည်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အလို့ငှာ တပ်မတော်သည် ၁၉၅၂ခုနှစ်မှစ၍ နဂါးနိုင်စစ်ဆင်ရေး၊ ဘုရင့်နောင်စစ်ဆင်ရေး၊ ရန်ကြီးအောင်စစ်ဆင်ရေးတို့ဖြင့် သုံးနှစ်ကြာမျှ တရုတ်ဖြူတို့ကို တိုက်ထုတ်ခဲ့ရ၏။

အနောက်ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို သူတို့စိတ်တိုင်းကျ အုပ်ချုပ်ရစဉ်ကလည်း တောင်ပေါ်နှင့်မြေပြန့် အကန့်ကန့်ကာ သွေးခွဲအုပ်ချုပ်ခဲ့သကဲ့သို့ မပေးမဖြစ်တော့၍ လွတ်လပ်ရေးပေးရတော့မှာ မုချဟု သိလာရချိန်မှာလည်း သွေးခွဲရေးပိုက်ကွန်ကို ကျယ်ပြန့်စွာ ဖြန့်ချထားခဲ့။

ဤကာလများအတွင်း၌ပင် ၁၉၅၄ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၅၇ခုနှစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် စော်ဘွားများနှင့် အဆက်အနွယ်များသည် မိုင်းရယ်မြို့မှာ အစည်းအဝေးများ ပြုလုပ်ကြပြီး ရှမ်းပြည်နယ်ကို ပြည်ထောင်စုမှ ခွဲထွက်ရန် တောင်းဆိုခဲ့ကြ၏။ မြေပေါ်တွင် ပြောင်ပြောင်တင်းတင်း လှုပ်ရှားကြသကဲ့သို့ အခြားတစ်ဖက်မှလည်း လျှို့ဝှက်ကာ မြေအောက်အဖွဲ့များ ပေါ်ပေါက်လာအောင် ဦးဆောင်ခဲ့ကြ၏။ ထိုအချိန်မှစ၍ ရှမ်းပြည်နယ်၌ ပြည်နယ်ခွဲထွက်ရေး၊ ဗမာမုန်းတီးရေးများ ဖြစ်ပွားလာကာ အခြေအနေများ အထူးရှုပ်ထွေးလာခဲ့၏။

သို့သော် တူရူဘက်တွင်မူ တိုးတက်သောအမြင်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိကြသည့် ပြည်သူ့အင်အားစုများ တိုးပွားလာကာ ပဒေသရာဇ်ဆန့်ကျင်ရေးစိတ်ဓာတ်များ၊ ပြည်ထောင်စုမပြိုကွဲရေး သဘောထားများ ပျံ့နှံ့လာလျက်ရှိနေပြန်၏။ ရှမ်းပြည်နယ် မြောက်ပိုင်း ပါလီမန်အမတ် နမ့်ခမ်းဦးထွန်းအေးက လွှတ်တော်အစည်းအဝေးတွင် စော်ဘွားများ၏ လက်ရှိလုပ်ရပ်များ ရပ်တန်းကရပ်လျက် စော်ဘွားအာဏာ စွန့်လွှတ်ရန်နှင့် ပြည်မမှ ခွဲမထွက်ရန် တင်ပြတောင်းဆိုခဲ့၏။

ထို့ကြောင့် ထိုကာလများ၏ ဖြစ်စဉ်ဖြစ်ရပ်များကို သုံးသပ်ကြည့်သောအခါ ရှမ်းပြည်နယ်၌ မိမိအကျိုးအတွက် မိမိအာဏာကို အစွမ်းကုန်အလွဲသုံးပြီး ပြည်မမှ ခွဲထွက်လျက် သီးခြားရှမ်းပြည်ထူထောင်ကြမည့် စော်ဘွားများနှင့် အဆက်အနွယ်များက တစ်အုပ်စု၊ ယင်းကိုဆန့်ကျင်ကြသည့် တိုးတက်သောအမြင်ရှိသူများက တစ်အုပ်စုဟူ၍ အုပ်စုနှစ်စု၏ မျက်နှာချင်းဆိုင် အနေအထားကို တွေ့မြင်ရလေ၏။

ယင်းအနေအထား၌ စော်ဘွားများ၏ ရှေ့တိုးခြေလှမ်းများအဖြစ် သိန်းနီစော်ဘွား၊ သီပေါစော်ဘွား၊ မိုင်းရှူးစော်ဘွား၊ လဲချားစော်ဘွား၊ ကျေးသီးစော်ဘွား၊ မိုင်းရယ်စော်ဘွား၊ မိုင်းလင်းစော်ဘွား၊ ညောင်ရွှေစော်ဘွားနှင့် သူ့ဇနီး နန်းဟိန်းခမ်း (မဟာဒေဝီ)တို့ ပူးပေါင်းကာ ရှမ်းပြည် ပြည်သူ့ညီညွတ်ရေးအဖွဲ့ (ရပညဖ)ကို ဖွဲ့စည်းခြင်း၊ ထိုအဖွဲ့က စော်ဘွားများ အာဏာစွန့်လွှတ်ရန်မလိုဘဲ ပင်လုံစာချုပ်အရ ၁၀နှစ်ပြည့်ပါက ပြည်မမှ ရှမ်းပြည်နယ် ခွဲထွက်ရန် အခိုင်အမာတောင်းဆိုမှုကို ၁၉၅၇ခုနှစ် ဧပြီလ၂၀ရက်၌ ဆုံးဖြတ်ချက်များကို တွေ့မြင်ခဲ့ရ၏။

ထို့အတူပင် တိုးတက်သောအမြင်ရှိ၍ ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝကြသည့် ပြည်သူများဘက်က ရှမ်းပြည်လုံးဆိုင်ရာအဖွဲ့ (ရပလဖ)ကို ဖွဲ့စည်းကာ စော်ဘွားများအာဏာစွန့်လွှတ်ရေး၊ ပြည်မမှ ခွဲမထွက်ရေးတို့ကို ကြွေးကြော်တောင်းဆိုလျက်ရှိကြောင်း တွေ့မြင်ရ၏။

ယင်းအခြေအနေမျိုးတွင် နိုင်ငံကိုအုပ်ချုပ်သည့် ဖဆပလအစိုးရအနေဖြင့် ပိုင်ပိုင်နိုင်နိုင် ဖိဖိစီးစီးကွပ်ကဲနိုင်သည့် အာဏာစက်နန့်နဲ့ခဲ့ကြောင်း တွေ့မြင်ရပြန်၏။

တစ်ပြိုင်တည်း၌ပင် ညောင်ရွှေစော်ဘွား၏ စတုတ္ထဇနီး နန်းဟိန်းခမ်း (မဟာဒေဝီ)သည် စော်ဘွားများ၏ ထောက်ပံ့ကြေးဖြင့် တက္ကသိုလ်သို့ရောက်နေသည့် ရှမ်းတိုင်းရင်းသား လူငယ်လူရွယ်များကို မြှောက်ပင့်စည်းရုံးခြင်း၊ နယ်ဘက်ရဲဘက်ဆိုင်ရာ ဝန်ထမ်းများကို လက်သိပ်ထိုးစည်းရုံးခြင်း၊ ရွာသူကြီးနှင့် ရွာအုပ်များကို တိတ်တိတ်ပုန်းစည်းရုံးခြင်း၊ လက်နက်စုဆောင်းခြင်း၊ သင်တန်းပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့မြင်ရပြန်လေ၏။

တစ်ဖန် ကျိုင်းတုံစော်ဘွား၏ဦးလေး စဝ်ခွန်ဆိတ်နှင့် စိုင်းနွံ့တို့ ဦးစီးပြီး ကာကွယ်ရေးတပ်ဖွဲ့အသွင် လက်နက်ကိုင်အဖွဲ့ဖွဲ့စည်းခဲ့ရာ အစိုးရက မသက်ာ၍ ပုဒ်မ(၅)ဖြင့် စဝ်ခွန်ဆိတ်ကို ထိန်းသိမ်းလိုက်ချိန်တွင် စိုင်းနွံ့မှာ မိုင်းကျွတ်သို့ထွက်ပြေးတိမ်းရှောင်ရင်း ၁၉၅၈ခုနှစ် မေလ၂၁တွင် နုံစစ်ဟန်(ရဲရင့်သောလူငယ်) အဖွဲ့ကို ထိုင်း–မြန်မာနယ်စပ် ဟွေပုဟော၌ စတင်ဖွဲ့စည်းခဲ့၏။ အစိုးရက ပြန်လွှတ်ပေးလိုက်သည့် စဝ်ခွန်ဆိတ်သည်လည်း ထိုနေရာသို့ ထွက်ပြေးတိမ်းရှောင်ကာ ထိုအဖွဲ့၌ ပါဝင်ကူညီခဲ့လေ၏။

ထိုနုံစစ်ဟန်(ရဲရင့်သောလူငယ်)အဖွဲ့သည် ၁၉၅၉ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်တွင် ရှမ်းပြည်တော်လှန်ရေးစပြီဟု ကြွေးကြော်ကာ တပ်မတော်၏ ပုံပါကျင်စခန်းကို စတင်ဝင်တိုက်ခြင်းဖြင့် ရှမ်းပြည်နယ်၌ သောင်းကျန်းမှု စတင်ခဲ့လေသည်။ တရုတ်ဖြူအပါအဝင် ပြည်ပရန်ကို သတိကြီးစွာဖြင့် ကာကွယ်နေရသော တပ်မတော်က နုံစစ်ဟန်အဖွဲ့ကို သတိဖြင့် တုံ့ပြန်လိုက်သောအခါ ထိုအဖွဲ့ခေါင်းဆောင် စိုင်းနွံ့ကိုယ်တိုင် ဒဏ်ရာရပြီး ပြန်လည်ဆုတ်ခွာသွားရလေ၏။

လူမျိုးမုန်းတီးရေး၊ ပြည်ထောင်စုဖြိုခွဲရေးဟူသည့် အလွန်ယုတ်ညံ့သော ရည်ရွယ်ချက်များကြောင့် ထိုအဖွဲ့သည် အချင်းချင်းညီညွတ်မှု မရှိတော့ဘဲ အကွဲကွဲဖြစ်လာသည်မှာ တစ်နှစ်အတွင်း သုံးခြမ်းဖြစ်လာလေ၏။

၁။ စိုင်းနွံ့ဦးစီးသော နုံစစ်ဟန်အဖွဲ့

၂။ ကျောက်ဝါးခမ်းဦးစီးသော ရှမ်းအမျိုးသားတပ်မတော်

၃။ ခွန်သော်တာ၊ ခွန်ကြာနုနှင့် စိုင်းလှအောင်တို့ဦးဆောင်သော ရှမ်းပြည်လွတ်လပ်ရေးတပ်မတော်။

(ဂ)

ဤသို့ဖြင့် ၁၉၆၀ပြည့်နှစ်ကာလဝယ် ထိုကာလတည်ဆဲအစိုးရကို မြေပေါ် မြေအောက် ညှပ်ပူးညှပ်ပိတ် အကျပ်ကိုင်ရင်း ရှမ်းပြည်နယ်စော်ဘွားများနှင့် အဆက်အနွယ်များက ဖက်ဒရယ်မူဖြင့် ရှမ်းပြည်နယ်ခွဲထွက်ရေးနှင့် တိုင်းရင်းသားချင်း မုန်းတီးရေးလုပ်ရပ်များကို အပြင်းအထန်လုံးပန်းလျက် ရှိလေ၏။

ထိုဖက်ဒရယ်မူနှင့် ပတ်သက်၍ ၁၉၆၂ခုနှစ် ဇန်နဝါရီလ၈ရက်တွင် ဝါရင့်ဥပဒေပညာရှင်များပါဝင်သည့် အစိုးရအကြံပေးအဖွဲ့က ဤသို့ကြေညာချက်ထုတ်ပြန်ခဲ့၏။

“ရှမ်းပြည်နယ်မှ တင်သွင်းသော ဖက်ဒရယ်ပုံစံမျိုးကို လက်ခံရန် ကျွန်ုပ်တို့ မထောက်ခံနိုင်ပေ။ အကြောင်းမှာ အဆိုပါ ပြည်ထောင်စုပုံစံသည် လက်တွေ့အားဖြင့် လုပ်ဆောင်ရန် ဖြစ်နိုင်ဖွယ်ရာ မရှိသည့်အပြင် ထိုပုံစံတွင် မကြာမီအတွင်း ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေမည့် အင်္ဂါလက္ခဏာရပ်များ ပါရှိနေသောကြောင့် ဖြစ်၏”။

ထို့ပြင် ထိုစဉ်ကတည်ရှိခဲ့သည့် ပမညတပါတီကလည်း ဤသို့ကြေညာခဲ့၏။

“ဖက်ဒရယ်မူကို လေ့လာကြည့်သောအခါ အမှန်မှာ ဖက်ဒရေးရှင်းမူ မဟုတ်ဘဲ ကွန်ဖက်ဒရေးရှင်းမူဖြစ်နေသည်ကို တွေ့ရကြောင်း၊ အဓိပ္ပာယ်မှာ ဗမာပြည်နယ်အပါအဝင် ပြည်နယ်ပေါင်းချုပ်ဖွဲ့ရန်ဖြစ်ကြောင်း၊ ဤသို့မှမရလျှင် ခွဲထွက်မည်စသော ခြိမ်းခြောက်မှုများ လုပ်လာကြကြောင်း၊ ဤဖက်ဒရယ်မူကို ပုံစံကျကျ၊ ဒီမိုကရေစီကျကျ မကိုင်တွယ်နိုင်ပါက နယ်ချဲ့၏ရှေ့မှောက်၌ ဒူးထောက်ရသော ယုန်သူငယ်ကဲ့သို့ ပြည်ထောင်စုတွင် အန္တရာယ်ကြီးစွာ ဖြစ်ပေါ်နိုင်ကြောင်း”

ထို့အတူ တည်မြဲ ဖဆပလကလည်း ဤသို့ကြေညာခဲ့၏။

“ဖက်ဒရယ်အရေးကို ထိန်းနိုင်လျှင် ထိန်းနိုင်၊ မထိန်းနိုင်လျှင် တိုင်းပြည်ပြိုကွဲရန်သာ ရှိတော့ကြောင်း”

ထိုမှတစ်ပါး ထိုစဉ်က တည်ရှိခဲ့သည့် တိုးတက်သောအမြင်ရှိသူများ အဖွဲ့အစည်း ရပလဖ(ရှမ်းပြည်လုံးဆိုင်ရာအဖွဲ့)သည် ကြိုကြိုတင်တင် ၁၉၆၁ခုနှစ် ဇူလိုင်လ၁၃ရက်ကတည်းက ဤသို့ထုတ်ပြန်ကြေညာထားခဲ့၏။

“ယနေ့ ရှမ်းပြည်နယ်အတွင်း အာဏာစွန့်စော်ဘွားများ၏ ဆွေတော်မျိုးတော်များ၊ ကျွန်ယုံနှင့် အမှုထမ်းဟောင်းများက လက်နက်စွဲကိုင်၍ ပြည်ထောင်စုကြီးမှ ခွဲထွက်ကာ သီးခြားပဒေသရာဇ်နိုင်ငံတည်ထောင်ရန် လုပ်ကြံနေချိန်

“ သောင်းကျန်းသူအမည်ခံ၊ လက်နက်ကိုင်အမည်ခံများသည် တရုတ်ဖြူတို့အား ဆရာအဖြစ် ကိုးကွယ်ဆည်းကပ်ကာ ပြည်နယ်တစ်လွှားတွင်ထင်သလို ရှမ်းကားနေချိန်

“ဖက်ဒရယ် (ဝါ) ပြည်ထောင်စုစစ်စစ်မူဟု မျက်နှာဖုံးစွပ်ထားသော စော်ဘွားမူကို ရပလဖက ပြင်းပြင်းထန်ထန် ကန့်ကွက်လိုက်သည်”

(ဃ)

အနှစ်ချုပ်ဖော်ပြခဲ့ပြီးသော အကြောင်းအရာများကား ၁၉၄၈ခုနှစ် လွတ်လပ်ရေး ရပြီးချိန်မှစ၍ ၁၉၆၀ပြည့်လွန် ကာလများအထိ ဖြစ်ပွားလာခဲ့သော အတိတ် မြန်မာနိုင်ငံ၏ ဒိုက်သရောပြွမ်းသည့် စီးကြောင်းလမ်းသမိုင်းမှန်ဖြစ်၏။ ပြည်မနှင့်ပြည်နယ်အကြား၊ ပြည်နယ်တွင်းရှိ ရိုးရာအာဏာရှင်များနှင့် အမြင်ကျယ်သူ များအကြားဖြစ်ပွားခဲ့သော နောက်ကျိသည့် သမိုင်းရေစီးမှန်ဖြစ်၏။ ရေနောက် အောင် မည်သူနှောက်သနည်းဟု မေးဖွယ်မလိုသည့် သမိုင်းမှန်ဖြစ်၏။

ယင်းနှင့်စပ်လျဉ်းပြီး ၂၀၀၅ခုနှစ် ဧပြီလ၂၂ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲတစ်ရပ်(၃/၂၀၀၅)ကျင်းပခဲ့ရာ ဖော်ပြပြီးဖြစ်ရပ်များကို ညွှန်းဆိုလျက် သမိုင်းမှန်များကို ပြည်သူတို့ ကျိုးကြောင်းစုံလင်စွာ သိရှိနိုင်အောင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်ကာ ရှင်းလင်းခဲ့ပါသည်။

“ထိုအချိန်က ပတ်ဝန်းကျင်အခြေအနေကို ကြည့်မည်ဆိုလျှင် အရှေ့တောင် အာရှဒေသတွင် စစ်မီးစတင်လောင်မြိုက်လာချိန်နှင့် တိုက်ဆိုင်နေကြောင်း။ ထို့ကြောင့် ရှမ်းစော်ဘွားများ၏ ရှမ်းပြည်နယ်ခွဲထွက်ခွင့်ပြုရေး ဖက်ဒရယ်လှုပ်ရှားမှုသည် မြန်မာနိုင်ငံအပေါ် ပြည်ပစွက်ဖက်မှုများ ဝင်ရောက်စေရန် ဖိတ်ခေါ်သကဲ့သို့ ဖြစ်နေကြောင်း။ တစ်ဖက်၌ နယ်ချဲ့လက်သစ်များ၏ သွေးဆောင်ဖြားယောင်းမှုများကလည်း သိသိသာသာ တိုးပွားများပြားလာသည့်အတွက် မြန်မာနိုင်ငံသည် နယ်ချဲ့တို့ဆင်ထားသည့် ထောင်ချောက်အတွင်းကျရောက်ပြီး တစ်နိုင်ငံလုံး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်များလေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်အရ မန္တလေးတိုင်းသို့ လေ့လာရေးခရီးရောက်ရှိနေသည့် ပြည်နယ်နှင့်တိုင်းများမှ လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြန်မာ့လက်မှုနိဗ္ဗာန်ကုန် ကျောက်ဆစ်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု လေ့လာစဉ်။ (သတင်းစဉ်)

လူငယ်လေ့လာရေးအဖွဲ့ဝင်များ မန္တလေး၌လေ့လာ ဒေသဖွံ့ဖြိုးတိုးတက်မှုများ တွေ့ဆုံဆွေးနွေးညှိနှိုင်း

ရန်ကုန် မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်နယ်နှင့်တိုင်းများသို့ အပြန်အလှန် လေ့လာရေး အစီအစဉ်အရ မန္တလေးမြို့၌ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးအဖွဲ့သည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးတင်ဝင်းနှင့် တိုင်းအလုပ်အမှုဆောင် ဦးတင့်လွင်ဦးတို့လိုက်ပါလျက် မေ၅ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် လူငယ်လေ့လာရေးအဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကန်တော့ကြပြီး လေ့လာရေးလူငယ်အဖွဲ့က စုပေါင်း အလှူငွေ ကျပ် ၁၂၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ရုံးအဖွဲ့မှူး ဦးအုန်းရွှေက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ဆက်လက်၍ လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် ဘုရားကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ကျောက်ဆစ်တန်းသို့ ရောက်ရှိကြပြီး မြန်မာ့လက်မှု နိဗ္ဗာန်ကုန်ကျောက်ဆစ်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာကြသည်။

ဆွေးနွေးညှိနှိုင်း

ဆက်လက်၍ လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် မန္တလေးတိုင်း အသင်းရုံးသို့ ရောက်ရှိကြပြီး အသင်းရုံး အစည်းအဝေးခန်းမ၌ မိမိတို့ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုများ၊ လူငယ်ရေးရာ လှုပ်ရှားမှုများနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများ၊ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တွေ့ဆုံဆွေးနွေးညှိနှိုင်းကြရာ တိုင်း အသင်းအတွင်းရေးမှူး ဦးတင်မောင်ဦးက အမှာစကားပြောကြားပြီး လူငယ်ကိုယ်စားလှယ်များက အသီးသီး ဆွေးနွေးကြသည်။

ယင်းနောက် လေ့လာရေးလူငယ်အဖွဲ့ဝင်များသည် ဈေးချိုတော်သို့ ရောက်ရှိကြရာ ဈေးအကျိုးတော်ဆောင် ဥက္ကဋ္ဌ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတွဲဖက်အတွင်းရေးမှူး ဦးကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် လူငယ်လေ့လာရေး အဖွဲ့ဝင်များသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်၏ ရွှေချည်ထိုးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး မန္တလေးတောင်သို့ သွားရောက်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရှိပြီး ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

၂၀၀၄ခုနှစ် အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်စာရင်းထုတ်ပြန်

ရန်ကုန် မေ ၆

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

အဘိဓမ္မာ

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၂၃ ဌာနတို့၌ ဖြေဆိုသူ ၁၃၀၄၀၊ အောင်မြင်သူ ၁၀၆၃၁ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၁၆၉၆ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ရန်ကုန်တိုင်း တာမွေစာဖြေဌာနမှ ခုံအမှတ် (၅၀၁) ဒေါ်မြမာလာ၊ တစ်ပြည်လုံး ဒုတိယ ရန်ကုန်တိုင်း လှိုင်စာဖြေဌာနမှ ခုံအမှတ် (၃၀)မောင်နေရှာန်သန်း၊ တစ်ပြည်လုံး တတိယ ဧရာဝတီတိုင်း ဒါးကစာဖြေဌာနမှ ခုံအမှတ်(၅) မစန္ဒာမြင့်တို့ ဖြစ်ကြသည်။

အဘိဓမ္မာဂုဏ်ထူးဆောင်

အဘိဓမ္မာဂုဏ်ထူးဆောင် စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၆ ဌာနတို့၌ ဖြေဆိုသူ ၂၃၂၉ ဦး၊ အောင်မြင်သူ ၂၁၁၆ ဦး၊ နှစ်ချင်းပေါက်သုံးဆင့်အောင်မြင်သူ ၅၀၄ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ရန်ကုန်တိုင်း လှိုင်စာဖြေဌာနမှ ခုံအမှတ် (၅၃) ဦးစိုးတင့်၊ တစ်ပြည်လုံး ဒုတိယ ရန်ကုန်တိုင်း မရမ်းကုန်းစာဖြေဌာနမှ ခုံအမှတ် (၈) မဝေမွန်ကျော်၊ တစ်ပြည်လုံး တတိယ စစ်ကိုင်းတိုင်း ကလေးစာဖြေဌာနမှ ခုံအမှတ်(၁) မရီရီခင်တို့ ဖြစ်ကြသည်။

ဝိသုဒ္ဓိမဂ်

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၆၅ဌာနတို့၌ ဖြေဆိုသူ ၁၁၈၃ဦး၊ အောင်မြင်သူ ၁၀၀၃ ဦးအနက် နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၁၇၃ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ တစ်ပြည်လုံးပထမ မန္တလေးတိုင်း ပျဉ်းမနားစာဖြေဌာနမှ ခုံအမှတ် (၈) ဦးထွန်းလှိုင်၊ တစ်ပြည်လုံးဒုတိယ စစ်ကိုင်းတိုင်း ကလေးစာဖြေဌာနမှ ခုံအမှတ်(၄) ဒေါ်ခင်အေးမြင့်နှင့် တစ်ပြည်လုံး တတိယ ပဲခူးတိုင်း ပဲခူးစာဖြေဌာနမှ ခုံအမှတ်(၄) ဒေါ်ကြူကြူတို့ဖြစ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောင်းပါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၆

မြတ်ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် မဟာဗောဓိမြိုင်ဆရာတော်ကြီး၏သာသနာပြုလုပ်ငန်းများကို စနစ်တကျ မှတ်တမ်းတင်ရေး ဦးတည်ချက်ဖြင့် ဖွဲ့စည်းသော ဗောဓိမြိုင်ဓမ္မရသစာစု ဖြစ်မြောက်ရေးအဖွဲ့မှ နေက္ခမ္မပါရမီဟူသည်မှာ ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်ဖြစ်ရာ စာမူပေးပို့ရမည့်နောက်ဆုံးရက်ကို မေ ၃၁ ရက်တွင် သတ်မှတ်ထားပြီး ပြိုင်ပွဲဝင်စည်းကမ်းချက်များကို မတ် ၂၄ရက်တွင် ထုတ်ဝေခဲ့သည့် ဗောဓိမြိုင်ဓမ္မရသစာစု(၃)နှင့် အခြားဂျာနယ်မဂ္ဂဇင်းများတွင် ကြည့်ရှုနိုင်ကြသည်။

အသေးစိတ် အချက်အလက်များကို ဆရာချစ်ဦးညို ဖုန်း-၂၉၈၇၇၃၊ ဦးကျော်ဝင်း ဖုန်း-၅၆၄၉၂၊ ဦးမြင့်ဇော် ဖုန်း-၀၉-၈၀-၂၀၄၂၂နှင့် ဒေါ်အိအိဆွေ ဖုန်း-၃၇၇၉၉၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အခြေခံ ပညာ အလယ်တန်းဆင့် သင်ယူ ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ဧပြီ ၃၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်က အဋ္ဌမတန်းကျောင်းသူ မအေးနန္ဒာအောင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

အမျိုးသမီးများအတွက်ကျန်းမာရေးစကားဝိုင်းကျင်းပ

ရန်ကုန် မေ ၆

အမျိုးသမီးများအတွက် အလှအပနှင့် ကျန်းမာရေးဆိုင်ရာဗဟုသုတများကို ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကြီးမှ အလှအပဆိုင်ရာဆရာဝန် Dr.Shakti R.Paul ကအဝလွန်ခြင်းနှင့်ပတ်သက်သော အယူအဆအမှားများနှင့်တကယ့်အဖြစ်မှန်များဟူသော ခေါင်းစဉ်နှင့် ဆေးကုသတော့မယ်ဆိုလျှင်ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Dr.Wasit Muninthorn က ခေတ်မီလှပချင်သောအမျိုးသမီးများအတွက် နောက်ဆုံးပေါ် အလှအပကုထုံးများခေါင်းစဉ်ဖြင့်လည်းကောင်း၊Dr.Kasem Jayanetra က အလှပဆုံး ကုထုံးဆိုင်ရာ အထွေထွေဗဟုသုတခေါင်းစဉ်ဖြင့်လည်းကောင်း မေ၁ရက် မွန်းလွဲ၁ နာရီခွဲမှ ညနေ ၃နာရီခွဲအထိ ရန်ကုန်မြို့ Sedona Hotel မင်းတုန်းခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဟောပြောပွဲတွင် သိလိုရာမေး အမျိုးသမီးတို့၏ အလှအပအရေးကဏ္ဍ၌ အမျိုးသမီးပရိသတ်များက သိလိုသည်များကို မေးမြန်းခဲ့ကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ပြိုကွဲရတော့မည့်အခြေအနေကို ဆိုက်ရောက်လာခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု မပြိုကွဲရေးနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် တပ်မတော်က ၁၉၆၂ ခုနှစ် မတ်လတွင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရကြောင်း”

သို့ဖြင့် နိုင်ငံတော်၏ နိုင်ငံရေးရေစီးသည် ပါလီမန်ဒီမိုကရေစီစနစ်မှ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်သို့ ပြောင်းလဲစီးဆင်းခဲ့ပြီး တစ်ဖန် ၁၉၈၈ခုနှစ်တွင် မင်းမဲ့ဝါဒီများ၊ အကြမ်းဖက်ဝါဒများကြောင့် တိုင်းပြည်ကြီး ပျက်စီးလုလုကြုံရပြန်သောအခါ တပ်မတော်ကပင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရပြန်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ပြည်ထောင်စုကြီးတစ်ရပ်လုံး၏အကျိုးကို ပြည်သူတို့နှင့်အတူ သယ်ပိုးစွမ်းဆောင်ခဲ့သည်တွင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ငါးရပ်စီမံကိန်းများဖြင့် နိုင်ငံတော်သည် နယ်စပ်ဒေသမကျန်၊ ကျေးလက်ဒေသမကျန် တည်ငြိမ်အေးချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းများ မြင့်မားလာသော ယနေ့ကာလဝယ် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မရှုဆိတ်ကြသည့် နယ်ချဲ့လက်သစ်များနှင့် တပည့်နောက်လိုက်များက ပြည်ထောင်စုပြိုကွဲအောင် တစ်ကျော့ပြန် ကြံဆောင်လာကြပုံမှာ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား ပြည်ပြေး စဝ်ခမ်ဖဦးစီးသည့်အဖွဲ့က ၂၀၀၅ခုနှစ် ဧပြီလ၁၇ရက်တွင် ပြည်ပတစ်နေရာမှနေပြီး ရှမ်းပြည် ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း ကြေညာခြင်းဖြစ်၏။

ယင်းနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်၏ သဘောထားကို ဤသို့ရှင်းလင်းခဲ့၏။

“ဤဆောင်ရွက်ချက်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ ဆူဆူပူပူဖြစ်အောင် လှုံ့ဆော်ရာရောက်သည့်အပြင် အလွန်အန္တရာယ်ကြီးမားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားရေး၊ ပြည်ထောင်စု ပြိုကွဲရေးတို့ကို ဦးတည်သည့် လုပ်ရပ်များဖြစ်ကြောင်း၊ ထို့ကြောင့် ဤလုပ်ရပ်များကို လက်ခံမှာမဟုတ်ကြောင်း ရှင်းလင်းပြောကြားလိုပါကြောင်း”

ထိုလုပ်ရပ်အပေါ် နိုင်ငံတော်က လက်မခံသကဲ့သို့ ရိုးသားဖြူစင်ကြသည့် ရှမ်းပြည်နယ်သားများကိုယ်တိုင်ကလည်း လုံးဝ လက်မခံကြပုံ၊ ပြည်ထောင်စုသား လူမျိုးတစ်ရာကျော်တို့ကလည်း လုံးဝဆို လုံးဝမှ လုံးဝ တစ်စက်မျှ လက်မခံကြပုံတို့ကို ဆောင်းပါး အမှတ်(၂)ဖြင့် ဆက်လက် လေ့လာကြပါမည်။

ယခု ဆောင်းပါးအမှတ်(၁)၏ နိဂုံးအဖြစ် သမိုင်းပညာရှင်တစ်ဦး၏ အမြင်ကို ကောက်နုတ်ဖော်ပြလိုပါသည်။ ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ)ရေးသား၍ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ၌ထုတ်ဝေခဲ့သော **“ရွှေတြိဂံမြေက ဘိန်းဖြူသံသရာ”** စာအုပ်ပါ ကောက်နုတ်ချက်ဖြစ်ပါ၏။ ထိုစဉ်က ရှမ်းပြည်နယ်၌ ဖြစ်ပွားနေသော လက်နက်ကိုင် အရှုပ်အထွေးများအပေါ် ထိုသမိုင်းပညာရှင်က ဤသို့ မှတ်တမ်းတင်ခဲ့ပါ၏။

“ရှမ်းပြည်နယ် ပုန်ကန်မှုသည် လွတ်လပ်သော၊ စည်းလုံးညီညွတ်သော ရှမ်းနယ်ကို မထူထောင်နိုင်၊ ကျေးလက်ဒေသများတွင် လက်နက်ဖြင့် အနိုင်ကျင့်သူ စစ်ခေါင်းဆောင်အသေးစားလေးများသာ ထွန်းကားပြီး ရှမ်းလူထုအား မွဲသည်ထက်မွဲစေသည့် ပရမ်းပတာ မင်းမဲ့ခေတ်ကိုသာ ဖန်တီးနိုင်ခဲ့သည်”။ ။

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် ပညာရေးကိုယ်စားလှယ်များအား တွေ့ဆုံမှာကြား

ရန်ကုန် မေ ၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ၂၀၀၅ ခုနှစ် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲ(ရန်ကုန်)သို့ တက်ရောက်လျက်ရှိသည့် ပညာရေးကိုယ်စားလှယ်များအား ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ပညာရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ၂၀၀၅ ခုနှစ် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲတွင် တင်သွင်းဆွေးနွေးခဲ့ကြသည့် စီမံကိန်းအထောက်အကူပြုစာတမ်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

အခြေခံပညာကဏ္ဍ ၂၀၀၅ ခုနှစ် အမျိုးသားပညာရည် မြင့်မားရေး နှီးနှောဖလှယ်ပွဲ(ရန်ကုန်)တတိယနေ့ အစီအစဉ်များကို ယနေ့နံနက် ၈နာရီတွင် စတင်ကျင်းပရာ ရခိုင်ပြည်နယ် ပြည်နယ်ပညာရေးမှူး(စစ်ဆေးရေး) ဦးအောင်ဇံဝေ၊ မွန်ပြည်နယ် လက်ထောက်ပြည်နယ်ပညာရေးမှူး(စစ်ဆေးရေး) ဦးမင်းကျော်ဝေ၊ ဧရာဝတီတိုင်း ပညာရေးမှူး(စစ်ဆေးရေး) ဦးခင်မောင်ရီ၊ ပဲခူးတိုင်း(အရှေ့ပိုင်း) ပညာရေးမှူး(စီမံ)ဦးသုခ၊ ဘိုကလေးပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ခင်ခင်ဌေးနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပညာရေးမှူး(စီမံ) ဦးသိန်းလှိုင်တို့က ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ် စီမံကိန်းအထောက်အကူပြု စာတမ်းများအပေါ် အကောင်အထည်ဖော်မှုနှင့် ၂၀၀၅ ခုနှစ်စာတမ်းများအပေါ် ဖြည့်စွက်အကြံပြုချက်များကို ရှင်းလင်းတင်ပြကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

နှီးနှောဖလှယ်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ သူရဦးအောင်ထွန်းနှင့်ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး တတိယနေ့ အစီအစဉ်ကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကွန်ဗင်းရှင်းပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲရေးအတွက်ဥပဒေများ စိစစ်သုံးသပ်ရေးညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၆

နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲရေးအတွက် ဥပဒေများ စိစစ်သုံးသပ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီခွဲက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အောင်စောဝင်း၊ ဒုတိယရဲချုပ် ဗိုလ်မှူးကြီးဇော်ဝင်း၊ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်၊ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ တရားရုံးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တို့မှညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ပြဋ္ဌာန်းနိုင်ရေး

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက ပြည်ထောင်စုမြန်မာနိုင်ငံသည် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံတွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရာတွင် ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေရှိသော ဥပဒေသစ်များကို ပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သောအချက်များကို အကြံပြုဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် နိုင်ငံတကာကုန်စည်ပြပွဲ-၂၀၀၅ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်

ရန်ကုန် မေ ၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ "ရန်ကုန် နိုင်ငံတကာကုန်စည်ပြပွဲ-၂၀၀၅"ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ "ရန်ကုန်နိုင်ငံတကာကုန်စည်ပြပွဲ-၂၀၀၅" ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဗဟိုကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်း ရှင်များအသင်း၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံသစ် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းရှင်များအသင်းနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း လီမိတက်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ "ရန်ကုန်နိုင်ငံတကာကုန်စည်ပြပွဲ-၂၀၀၅"ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုကော်မတီအတွင်းရေးမှူး ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက ကုန်စည်ပြပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ညှိနှိုင်းဆွေးနွေး

ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ပြန်လည်ညှိနှိုင်း ဆွေးနွေးပြီး နိဂုံးချုပ်စကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

ကျင်းပမည်

"ရန်ကုန်နိုင်ငံတကာ ကုန်စည်ပြပွဲ-၂၀၀၅ "ကို မေ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ထုတ်ကုန်ပစ္စည်းများ ပါဝင်ပြသမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်သန်း၄၀ခန့်က ဝေလငါးရုပ်ကြွင်းတွေ့ရှိ

လွန်ခဲ့သော နှစ်ပေါင်း သန်း ၄၀ ခန့်က ဝေလငါး တစ် ကောင် ၏ ရုပ်ကြွင်း တစ်ခုကို ပညာရှင်များ တူးဖော်နေကြစဉ်။ **(ယာပုံ)**

အဆိုပါ ရုပ်ကြွင်းကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အနောက်ဘက် ကီလိုမီတာ ၂၀၀ အကွာတွင်ရှိသော ဝါဒီဟီတန်ဒေသတွင် မြေအောက်မှ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ရှေးဟောင်းသုတေသနပညာရှင်များက ယင်းရုပ်ကြွင်းသည် လွန်ခဲ့သည့် နှစ်ပေါင်းသန်း ၄၀ခန့်က ဝေလငါးတစ်ကောင်၏ ရုပ်ကြွင်းဖြစ်ကြောင်း ခန့်မှန်းပြောကြားသည်။

(အင်တာနက်)

အင်္ဂါဂြိုဟ်ပေါ်မှ ဥက္ကာခဲ



အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် ရှာဖွေတွေ့ရှိသည့် ဥက္ကာခဲတစ်ခု၏ အနေအထားကိုတွေ့ရစဉ်။ **(ဝဲပုံ)**

အင်္ဂါဂြိုဟ် လေ့လာရေးယာဉ် အော့ပိုကျူနီတီ၏ အင်္ဂါဂြိုဟ်မျက်နှာပြင်စူးစမ်းလေ့လာရေးစက်ရုပ်မှ ရှာဖွေတွေ့ရှိရသော ဥက္ကာခဲဖြစ်ပြီး နာဆာသိပ္ပံပညာရှင်များ၏ လေ့လာမှုအရ ယင်းဥက္ကာခဲသည် သံဥက္ကာခဲတစ်ခု ဖြစ်ကြောင်းသိရသည်။

(အေအက်ဖ်ပီ)

လိပ်မျိုးများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးနှိုးဆော်ချက် ၁/၂၀၀၅

လိပ်မျိုးများသည် ရှေးအကျဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး သတ္တဝါများဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလု သတ္တဝါမျိုးစိတ်တွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပင်လယ်လိပ်များသည် အရွယ်ရောက်ရန် အနှစ်၃၀မှ ၅၀အထိကြာမြင့်ပြီး အရွယ်ရောက် လိပ်ကြီးတစ်ကောင်ဖြစ်လာရန် မမျှော်မှန်းနိုင်လောက်အောင် ခဲယဉ်းပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိရာ မြန်မာနိုင်ငံတွင် ငါးမျိုးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်မျိုးမပြုန်းတီးရေးနှင့် မြန်မာသက်ရှိ သယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ လိပ်ဥများကို တူးဖော်စားသုံးခြင်းမပြုရန်နှင့် လိပ်သားပေါက်များအား ထိန်းသိမ်းစောင့်ရှောက် ရှင်သန်ခွင့်ပေးရန်။

၂။ လိပ်များကို သတ်ဖြတ်စားသုံးခြင်းမပြုရန်နှင့် ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းဆီးရမိပါက ဘေးကင်းရာရေပြင်သို့ ပြန်လွှတ်ပေးရန်။

၃။ ငါးဖမ်းရေယာဉ်ရှိပိုက်များ၌ လိပ်များလွတ်မြောက်စေနိုင်သော ကိရိယာ Turtle Excluder Devices (TEDs) များ တပ်ဆင်သုံးစွဲရန်။

၄။ ငါးဖမ်းပိုက်အစများ၊ ရော်ဘာစများ၊ ပလတ်စတစ်အိတ်ခွံများနှင့် စက်သုံးစွန့်ပစ္စည်းများ၊ ဓာတုစွန့်ပစ္စည်းများ ရေပြင်သို့ မစွန့်ပစ်ရန်။

၅။ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ်(၂/၉၃)ပါ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ မည်သည့်လိပ်မျိုးကိုမဆို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အပြင် လိပ်ဥများကို ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အခြားနည်း တစ်စုံတစ်ရာဖြင့် နှောင့်ယှက်ခြင်းမပြုလုပ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်များကို လိုက်နာရန်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

အားကစားဝန်ကြီးဌာနဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၆

၂၀၀၅ခုနှစ် ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ၂၀၀၅ ခုနှစ် ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်က ချီးမြှင့်သည့် နှစ်သိမ့်ဆုများကို အားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌကလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများကိုလည်းကောင်း၊ မြန်မာ့ရိုးရာခြင်းလုံးခတ်အားကစား တိုးတက်ရေးအတွက် အလှူငွေပေးအပ်ခဲ့သော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် ပထမအကြိမ် အားကစားဝန်ကြီးဌာနဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုနှင့် ဒုတိယဆုရရှိကြသူများအား တာဝန်ရှိသူတို့က ဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းအသင်းနှင့် ပထမအကြိမ် အားကစားဝန်ကြီးဌာနဝန်ကြီးဖလားပြိုင်ပွဲတွင် ပထမရရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းတို့အား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း၊ ပဲခူးတိုင်းအမျိုးသမီး အသင်းအား နှစ်သိမ့်ဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲနှင့် ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသောအသင်းများ၊ ပထမအကြိမ်အားကစားဝန်ကြီးဌာန ဝန်ကြီးဖလားအမျိုးသား(၄)ပေါက်တန်းအဆင့် အငယ်တန်းပြိုင်ပွဲနှင့် (၆)ပေါက်တန်းပြိုင်ပွဲ တို့တွင် အနိုင်ရရှိသော အသင်းများနှင့် အမျိုးသားတံခွန်စိုက်တန်းပြိုင်ပွဲတွင် အနိုင်ရရှိသော အသင်းများအား ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊တက်သစ်စနှင့် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများအား ဆုများကို လည်းကောင်း တာဝန်ရှိသူတို့က ချီးမြှင့်ကြသည်။

တံခွန်စိုက်ဆု

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က(၃၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော ဧရာဝတီတိုင်းတို့အားလည်းကောင်း၊ ပထမအကြိမ် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၁)စက်မှု ဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ အမျိုးသား(၄)ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ် (၁) စက်မှုဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ အမျိုးသား(၆)ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ အမျိုးသားတံခွန်စိုက်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန (က) အသင်းအားလည်းကောင်း တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားများကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၏ မွေးနေ့အလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန် မေ ၆

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph. D) ၏ မွေးနေ့အလှူတော်မင်္ဂလာနှင့် ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာကို ၁၃၆၇ ခုနှစ် ကဆုန်လဆန်း ၈ ရက် (မေ ၁၅ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် သီရိမင်္ဂလာ အနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၆

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇနဟိတဓရဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ သာသနဇေ သိရီပဝရဓမ္မစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ် ကျောင်းတိုက်၌ မေ၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းနိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ ဖြစ်စေ မေ ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဧရာဝတီ၊ တနင်္သာရီနှင့် ပဲခူးတိုင်းတို့အနိုင်ရရှိ

ရန်ကုန် မေ ၆

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့က ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ နံနက်၇နာရီခွဲက ဧရာဝတီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဧရာဝတီတိုင်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ နံနက်၇နာရီခွဲက တနင်္သာရီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကစားရာ တနင်္သာရီတိုင်းအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ယနေ့ညနေ ၄ နာရီက ပဲခူးတိုင်းအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပဲခူးတိုင်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပဲခူးတိုင်းအသင်းအတွက် အနိုင်ဂိုးများကို စုပြည့်မွန်ကတစ်ဂိုး၊ နှင်းဝေအောင်ကတစ်ဂိုးသွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ပဲခူးတိုင်းအသင်းမှ သီတာဦးက ရရှိသည်။

ယနေ့ပွဲ

မေ ၇ ရက်**(ယနေ့)**နံနက် ၇နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ညနေ ၄နာရီတွင် စစ်ကိုင်းတိုင်း အသင်းနှင့် မကွေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဆက်လက်ကျင်းပရာ သတ္တုတွင်းအသင်းက စက်မှု(၁)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင် စီအက်စ်ကေအေနှင့် စပို့တင်းအသင်းတို့ ဖလားလုကြမည်

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ အကြိုဗိုလ်လုပွဲတွင် စပို့တင်းအသင်းသားများ အယ်လ်ခမာအသင်းကို အဝေးဂိုးဖြင့် အနိုင်ရပြီး ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

မော်စကို မေ ၆

ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဒုတိယအကျော့အကြိုဗိုလ်လုပွဲစဉ်များကို မေ ၅ ရက်က ယှဉ်ပြိုင်ကစားရာ ရုရှားမှ စီအက်စ်ကေအေ မော်စကိုအသင်းက အီတလီမှပါးမားအသင်းကိုလည်းကောင်း၊ ပေါ်တူဂီမှ စပို့တင်းလစ္စဘွန်းအသင်းက ဟော်လန်မှအယ်လ်ခမာကိုရှုံးသော်လည်း အဝေးဂိုးစည်းမျဉ်းအရသော်လည်းကောင်း အသီးသီးအနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

စီအက်စ်ကေအေနိုင်

စီအက်စ်ကေအေ အသင်းသည် ပြီးခဲ့သောအပတ်က ယူအီးအက်ဖ်အေဖလား ပထမအကျော့အကြိုဗိုလ်လုပွဲအဖြစ် အီတလီနိုင်ငံ ပါးမားကွင်း၌သွားရောက်ကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့သည်။

ယခုအပတ်တွင် စီအက်စ်ကေအေကွင်း၌ပါးမားတို့လာရောက်ကစားရာ စီအက်စ်ကေအေက အိမ်ကွင်း၌ ပါးမားကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။

စီအက်စ်ကေအေအသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၀ မိနစ်နှင့် ၅၃မိနစ်တို့တွင် ဘရာဇီးတိုက်စစ်မှူး ဒန်နီကာဗယ်ဟိုက နှစ်ဂိုးသွင်းပေးခဲ့သည်။ ယင်းနောက် စီအက်စ်ကေအေ နောက်တန်းလူ ဘာရီဇွတ်ကီက တတိယဂိုး သွင်းပေးခဲ့သည်။

ယှဉ်ပြိုင်ကစား

ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ အကြို ဗိုလ်လုပွဲတွင်စီအက်စ်ကေအေမှ ဗစ်နာလပ် (ဝဲ) ၏ ထိုးဖောက်ယှဉ်ပြိုင်ကစားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကာဗယ်ဟိုသည် စီအက်စ်ကေအေအတွက်အဖွင့်ဂိုးကို တောင်ပံကစားသမား ယူရီဇီယာကော့ဗ် ဖြတ်ပို့သော ဘောလုံးမှတစ်ဆင့် ဖွေဆော်ဦးဂိုး သွင်းယူနိုင်ခဲ့သည်။

ယင်းဂိုး သွင်းယူလိုက်ချိန်တွင် စီအက်စ်ကေအေ ဘောလုံးပရိသတ်များ ကွင်းအတွင်း မီးကျည်မီးပန်းများ ပစ်ဖောက်ကာအောင်ပွဲခံခဲ့ကြသည်။

ကာဗယ်ဟိုသည် ပွဲချိန် ၅၄မိနစ်တွင် ဗစ်နာလပ်နှင့်အပေးအယူလုပ်ပြီးဒုတိယမြောက်ဂိုးကိုသွင်းယူခဲ့သည်။ ဗစ်ဆဲလ်လီဘာရီဇွတ်ကီသည် အလွတ်တည်ကန်ဘောမှ တစ်ဆင့် စီအက်စ်ကေအေအတွက် တတိယမြောက်ဂိုးအဖြစ် ခေါင်းတိုက်သွင်းယူခဲ့သည်။

စီအက်စ်ကေအေ မော်စကိုအသင်းသည်ယင်းပွဲအနိုင်ရခဲ့သဖြင့် နှစ်ပေါင်း ၃၃နှစ်အတွင်း ပထမဆုံးအကြိမ် ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

စပို့တင်းဗိုလ်လုမည်

စပို့တင်းအသင်းသည် ပြီးခဲ့သောသီတင်းပတ်က အယ်လ်ခမာအသင်းကို အိမ်ကွင်း၌လက်ခံကစားရာတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒုတိယအကျော့ အကြိုဗိုလ်လုပွဲအဖြစ် အယ်လ်ခမာကွင်း၌ ကစားရာ စပို့တင်းတို့ အယ်လ်ခမာအသင်းအား သုံးဂိုး-နှစ်-ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။

စပို့တင်းနှင့် အယ်လ်ခမာအသင်းတို့သည် နှစ်ပွဲပေါင်းရလဒ် တစ်ဖက်လေးဂိုးစီဖြစ်သွားသည်။သို့ရာတွင် စပို့တင်းက အဝေးဂိုးအနိုင်ရမှုကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းဖြစ်သည်။

အယ်လ်ခမာတို့သည် အိမ်ကွင်း၌ စပို့တင်းကို ဂိုးပြတ်ဖြင့်နိုင်ရန် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၆ မိနစ်တွင် ကင်နက်ပီရက်က အယ်လ်ခမာအတွက်ခေါင်းတိုက် အဖွင့်ဂိုးသွင်းပေးခဲ့သည်။

သို့ရာတွင် စပို့တင်းမှ ဆီဗာလီဆွန်က စပို့တင်းအသင်းအတွက် ချေပဂိုးကို ပထမပိုင်းပွဲသိမ်းခါနီးတွင် သွင်းယူခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့် အနိုင်ဂိုးသွင်းနိုင်ရေးအတွက် နှစ်သင်းစလုံး တိုက်စစ်အားများပို၍ အားထည့်ကစားလာသည်။အယ်လ်ခမာတို့ အိမ်ကွင်းပိုပို စပို့တင်းကိုပို၍ ဖိကစားလာသည်။ ပွဲချိန် ၇၈ မိနစ်တွင် လူစားဝင်လာသူ စတိန်းဟိုင်စီဂျမ်းစ်က အယ်လ်ခမာအတွက် ဒုတိယမြောက်ဂိုးသွင်းပေးခဲ့သည်။

အယ်လ်ခမာတို့၏ တတိယမြောက် မျှော်လင့်ချက်ဂိုးကို ဂျလီယမ်ကသွင်းယူပေးခဲ့သည်။ အယ်လ်ခမာတို့ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ထားပြီဖြစ်၍ အောင်ပွဲခံ ပျော်မြူးနေကြသည်။ အယ်လ်ခမာပရိသတ်ကလည်း ဒိုင်လူကြီး၏ ပွဲပြီးခရာမှုတ်သံကိုစောင့်နေရင်း အားပေးနေကြသည်။ သို့ရာတွင် စပို့တင်းလစ္စဘွန်းမှ မီဂူရယ်ဂါစီယာက စပို့တင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူသွားခဲ့သည်။

ဗိုလ်လုပွဲ

စီအက်စ်ကေအေမော်စကို အသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်း တို့သည် လစ္စဘွန်းကွင်း ဂျို့စ်အယ်လ်ဗာလိတ်ကွင်းကြီး၌ မေ၁၈ရက်တွင် ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

(အင်တာနက်)

အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့အောက်ရှိ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲနှင့်အမျိုးသမီးငယ်/ရွယ်လုပ်ငန်းအဖွဲ့ခွဲတို့၏ အသိပညာပေး ဟောပြောပွဲကို ဧပြီ ၃၀ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ ဝင်္ကဘာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်များ ဖြစ်ကြသော ပါမောက္ခဒေါ်ငွေငွေ၊ ဒေါ်ခင်မေစိုး၊ဒေါ်ကြည်ကြည်မြ၊ဒေါ်ပိုပိုကြည်နှင့်အဖွဲ့ဝင်များ၊ ဝင်္ကဘာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သမီးငယ် သင်တန်းသူများ စုစုပေါင်း ၁၀၀ခန့် တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲတွင် အမျိုးသမီးငယ်/ရွယ် လုပ်ငန်းအဖွဲ့ခွဲကိုယ်စား ဆရာမကြီး ဒေါ်စောမုံညင်းက 'သမီးလိမ္မာ နားဆင်ပါ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခွဲကိုယ်စား ဦးချစ်နိုင် (ချစ်နိုင်–စိတ်ပညာ)က 'စိတ်ကိုထားနည်း' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် မေ ၆

၅–၅–၂၀၀၅ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၇နှင့် ကြေးမုံသတင်းစာ စာမျက်နှာ ၅တို့တွင် ဖော်ပြထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်'မျှော်လင့်ခြင်းများစွာ' ပညာပေးဗီဒီယိုဇာတ်ကားအစား 'မျှော်လင့်ခြင်းများစွာ' ပညာပေးရုပ်ရှင်ဇာတ်ကားဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

ပုလဲရတုမင်္ဂလာဆုတောင်း

ဖေကြီး ဦးမြင့်သောင်း (မန်နေဂျာ၊ MITT°)နှင့် မေတူး ဒေါ်ရီရီသိန်း (လ/ထစက်ရုံမှူး၊ ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ)တို့၏ ၇–၅–၂၀၀၅ရက်တွင် ကျရောက်သည့် နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာ၍ နိုင်ငံအကျိုး၊ သာသနာအကျိုးများကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သား–ကိုရဲထွတ်
B.Sc (I.C), M.B.A
Khin Maung Nyunt Trading Co., Ltd.

- Basic English(Grammar, Writing, Vocabulary)
- Spoken English(Speaking & Listening)
- T.O.E.F.L, I.E.L.T.S, G.C.E (English Only)
- Business English
- Writing Course

M.A.E Education Centre
The Asia Plaza, 8th Floor,
Seikkantha St. Tel : 254434,
254435 Ext 822, 708188

အမြန်ရောင်းမည်

(၁) ၂၄ပေ x ၂၆ပေ မြေညီ၊ ဇလမ်း (A)၊ ယုဇနအိမ်ရာ
(၂) ၂၅ပေ x ပေ ၅၀ နှစ်ထပ်တိုက်၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်
(၃) ဒဂုံဆိပ်ကမ်းမှ မြေကွက်များ ရောင်း/ဝယ်လိုက ဆက်သွယ်ပါ။

(ဖုန်း–၅၄၉၁၃၈)

MRTV-4နှင့်အတူ ရုပ်ရှင်၊ ဇာတ်လမ်းတွဲ အစီအစဉ်များ

MRTV, MRTV-3, MRTV-4 ... Digital ... Family Digital Receiver ... Family Entertainment Group ...

- City Mart Supermarket ...
- BLAZON Department Store

Fine ၂၄၆၃၇၉
Master ၃၈၀၂၂၉
MC ၂၅၆၁၃၆
Soe & Associate

FAMILY Entertainment Group

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် ဓာ/၁၂၅၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(အင်းစိန်)။

Go! နဲ့တွေ့တာ ခခုက်ကျသွားမယ်ခနော် . . .
3 in 1 Super Big **Go!** ခြင်ဆေးခွေ ၏ထူးခြားချက်
3 Color Smell Coils in 1
အရောင်(၃)မျိုး၊ အနံ့(၃)မျိုး၊ တစ်ချပ်လျှင် (၃)ခွေ
(တစ်ဘူးလျှင်(၁၈)ခွေပါသည်) ဖုန်း–၂၀၀၀၀၄၊ ၂၀၀၀၀၅

ခင်ဖြိုးမွန် ပါတိတ် အလှရှာပုံတော်ပြိုင်ပွဲ

အလှမိုင်ရှင်အတွက် ဆိုက်ဆိုက်အနင်အနင် ဗိုလ်ပြိုင်ဆုများ

- KPM Logo ...
- KO KO BEAUTY SALOON ...
- LIFE STYLE ...

အထူးဆုများ

ပြိုင်ပွဲဝင်နည်းလမ်းများ

KPM Logo ...



စာကြည့်တိုက်လုပ်ငန်း အောင်မြင်စေရေး ဆောင်ရွက်ရမည့်နည်းလမ်းများ အကြံပြုဆွေးနွေး

မော်လမြိုင် ဧပြီ ၃၀

မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်သည် မြို့နယ်ဦးစီးမှူး ဦးစိန်ဝင်းလိုက်ပါ၍ ဧပြီ ၂၃ရက် ညပိုင်းက မော်လမြိုင်မြို့နယ် မောင်ငံရပ်ကွက် ရှုဝံကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးရာ စာကြည့်တိုက်တာဝန်ခံ ဒေါ်နန်းဖြူဖြူထွန်းနှင့် စာကြည့်တိုက် ကော်မတီဝင်များက စာအုပ်များရရှိမှုအခြေအနေ၊ စာအုပ်ငှားရမ်းဖတ်ရှုမှု အခြေအနေ၊ အလှူရှင်များက စာအုပ်လှူဒါန်းမှုနှင့် ရန်ပုံငွေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် လုပ်ဆောင်မည့်နည်းလမ်းများနှင့် စာကြည့်တိုက်လုပ်ငန်း အောင်မြင်စေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများကို အကြံပြုဆွေးနွေးပြီး စာကြည့်တိုက် မှတ်ပုံတင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ချက်ကို မြို့နယ်ဦးစီးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူးသည် ဘိုကုန်းရပ်ကွက် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးရာ စာကြည့်တိုက်တာဝန်ခံ ဦးမောင်ဝင်းက အဆောက်အအုံ ဆောက်လုပ်ထားရှိမှုနှင့် စာအုပ်များစုဆောင်းရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးလုပ်ငန်းများကို အကြံပြုဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့် ရေရှည်တည်တံ့ရေးဟောပြော၊ စာအုပ်များလှူဒါန်း

ပုသိမ် မေ ၂

ပုသိမ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပုသိမ်မြို့နယ်အတွင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ ဇင်ပြွန်းကုန်းစံပြ ကျေးရွာအုပ်စုရှိ ကျေးရွာများတွင် ဧပြီ ၂၆ရက်က စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပုသိမ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလေးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို ဆွေးနွေးဟောပြောပြီး စာအုပ်မျိုးစုံ ၅၀စီ ပေးအပ်လှူဒါန်းသည်။

စာကြည့်တိုက်များဖွင့်

ဖွင့်လှစ်ခဲ့သော စာကြည့်တိုက်များမှာ ရေတွင်းကုန်းလေး၊ ငှက်ချေးချောင်း၊ သိုက်ဝါးကုန်း၊ ကုန်းကြီး(ကြည်သာ)၊ ကွန်းလှ၊ သစ်ပုတ်ကုန်း၊ သရက်တစ်ပင်၊ အင္ဂကြီး၊ ငါးရံ့ကျော်၊ စမ်းကြီးကုန်း၊ သဲဖြူကြီး၊ ရွာသစ်ကုန်း၊ ဘွက်ကြီး၊ ခဒုံးချောင်း၊ ဝါးဘိုတော၊ မဒေါ့ချောင်းနှင့် စမ်းမြိုင်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကွင်းဆင်းကြည့်ရှု

ဧပြီ ၄ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့် တာဝန်ရှိသူများ မေ ၅ ရက်က ဘားအံမြို့ အမှတ်(၆) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး လုပ်သားလမ်းအပိုင်း (၂) ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

မြစ်ကြီးနားမြို့နယ် မြို့ပေါ်ရပ်ကွက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဧပြီ၂ရက်က ဒူကထောင်ရပ်ကွက် ပြည်သာယာမြေသားလမ်း အရှည်ပေ ၂၃၀၀၊ အကျယ် ၁၂ ပေကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ယာဉ်၊ စက်၊ ယန္တရားများဖြင့် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဒီပဲယင်းမြို့နယ်တွင် စက်ရေတွင်းတူးဖော် ငွေကျပ်သိန်း၅၀ အကုန်အကျခံ ဆောင်ရွက်

ဒီပဲယင်း ဧပြီ ၂၀

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်လှိုင်သည် ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက် ရှိသည့် မင်းဂံကျေးရွာတွင် တူး ဖော် လျက်ရှိသည့်စက်ရေတွင်းတူးဖော် ဆောင်ရွက်ခြင်း လုပ်ငန်းကို မတ် ၁၉ ရက်က ကွင်း ဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ် စည်ပင် သာယာရေး အဖွဲ့ အမှုဆောင်အရာရှိက စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

အဆိုပါ စက်ရေ တွင်း သည် အချင်း လေးလက်မ စက်ရေတွင်းအမျိုးအစားဖြစ်ပြီးနိုင်ငံတော်ထောက်ပံ့ငွေ ကျပ် သိန်း ၅၀ ဖြင့်အကုန်အကျခံ၍ ဆောင်ရွက်ကြကြောင်း သိရသည်။ (အပေါ်ပုံ)

(မြို့နယ် စည်ပင်)

မြိုင်မြို့နယ်တွင် ကျေးလက်စာကြည့်တိုက်ဖွင့် အလှူငွေနှင့် ပရိဘောဂများပေးအပ်လှူဒါန်း

မြိုင် မေ ၁

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ ပညာတန်ဆောင် ရှင်ကရဝိက စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီက ပိုက်သင်ရွာ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

(ယာပုံ)

ရှင်းလင်းပြောကြား

ထို့နောက် စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲ ဆောင်ရွက်ရာ ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ ဒေါက်တာ သက်လွင်နှင့် စာရေးဆရာကြီး ပင်လုံခွန်တို့က စာပေအကြောင်း သိကောင်းစရာများ ဟောပြောကြသည်။ ထို့နောက် စာကြည့်တိုက်သို့ စာအုပ် ၈၅၀ နှင့် ပရိဘောဂများ၊ တန်းလျား ငါးလုံး၊စားပွဲတစ်လုံးနှင့် ငွေကျပ် ၁၇၆၀၀၀တို့ကိုလှူဒါန်းခဲ့ကြကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

သစ်သားတံတား ပြုပြင်တည်ဆောက်

မိုးကောင်း ဧပြီ ၂၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဆားမော် ကျေးရွာနှင့် ထီးချိုင့်ကျေးရွာ ဆက်သွယ်သည့် ကျောက်ချောလမ်းမှ အရှည်ပေ ၂၀၊ အကျယ် ၁၄ပေရှိ သစ်သားတံတားကို ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၀အကုန်အကျခံကာ ပြန်လည်ပြုပြင်တည်ဆောက်မည်ဖြစ်ရာ ဧပြီ ၁၀ရက်က အဆိုပါတံတားသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုင်းလောင်ခမ်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တိုင်းတာ ဆောင်ရွက်ကြကြောင်း သိရသည်။

(၄၁၆)

တာချီလိတ်မြို့တွင် အန္တရာယ်ကင်းပရိတ်ရွတ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

တာချီလိတ် ဧပြီ ၃၁

တာချီလိတ်ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူး၍ အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက်က မြို့နယ်ဓမ္မာရုံတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် တာချီလိတ်မြို့ နဂါးနှစ်ကောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဓမ္မသီရိအမှူးပြု၍ပင့်သံဃာငါးပါးတို့က အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ကြသည်။ ထို့နောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်း ငွေကျပ် ၁၀၅၉၀၀၀ တန်ဖိုးရှိ ပစ္စည်းများအား အဘိုး၊ အဘွား ၃၆ဦးတို့အား ပေးအပ်လှူဒါန်းကြသည်။

ဆုမွန်ချီးမြှင့်

ဆက်လက်၍ အဘိုး၊အဘွား ၃၆ဦးတို့ကို ခြေသည်း၊လက်သည်းညှပ်၍ ခေါင်းလျှော်မင်္ဂလာပြုလုပ်ပေးကြပြီး သက်ကြီး အဘိုးများ ကိုယ်စား တာလေ့ရပ်ကွက်နေ အသက်(၇၆)နှစ်ရှိ အဘိုး ဦးပေါကြွယ်နှင့် သက်ကြီးအဘွားများ ကိုယ်စား ဆန်ဆိုင်းရပ်ကွက်နေ အသက်(၈၂)နှစ်ရှိ အဘွား ဒေါ်နိုင်းကျန်တို့က ဆုမွန်များပြန်လည်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လောကစိပတိ အလိုတော်ပြည့်ချမ်းသာစေတီ စိန်ဖူးတော်နှင့် ထီးတော်တင်လှူပူဇော်ပွဲကျင်းပ

နွားထိုးကြီး ဧပြီ ၁၇

နွားထိုးကြီးမြို့နယ် ဇေဒိတ်ကျေးရွာအုပ်စု တက်စည်ကျေးရွာရှိ စည်ရတနာကျောင်းတိုက်၌ တည်ထားကိုးကွယ်သော လောကစိပတိ အလိုတော်ပြည့် ချမ်းသာစေတီတော်မြတ်အား စိန်ဖူးတော်နှင့် ထီးတော်တင် မင်္ဂလာအခမ်းအနားကို ဧပြီ ၃ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်အလှူရှင် မိသားစုတို့က စိန်ဖူးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး ရေစက်ချ တရား နာယူကြသည်။



ထို့နောက် ထီးတော်နှင့် စိန်ဖူးတော်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်ပူဇော်၍ မင်္ဂလာအချိန်တွင် စေတီတော်သို့ တင်လှူပူဇော်ကြပြီး **(အပေါ်ပုံ)** ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ အဆိုပါ စိန်ဖူးတော်နှင့် ထီးတော် အလှူရှင်မှာ မန္တလေးမြို့ စိန်ပန်းသဖြူရပ် ပေါက်ကျိုင်းဒန်သတ္တုရောင်းဝယ်ရေးမှ ဦးပြောင်း–ဒေါ်လှခင် မိသားစုတို့ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ ရင်သွေးငယ် ၂၀၀အား ရဟန်းခံရှင်ပြု သင်္ကန်းဝတ်ပေးကြကြောင်း သိရသည်။ **(၂၁၃)**

၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ် လိုင်စင်သက်တမ်းတိုး၊ လဲလှယ်ခြင်းကို ဧပြီ ၂၀ရက်မှ စတင်ပြီး ဒုတိယဦးစီးမှူး (စည်းကမ်း)ဦးကျော်ဌေး၊ဒုတိယဦးစီးမှူး(အခွန်) ဒေါ်စိန်စိန်စိုးနှင့်အဖွဲ့ဝန်ထမ်းများ သီရိအဏ္ဏဝါခန်းမ၌ ဆောင်ရွက်မှုကို ဧပြီ ၂၇ရက်က ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်ပိုင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (၁၅၈)

အမြို့မြို့ အနယ်နယ် သတင်းများ

ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနား ညောင်ဦးခရိုင်၌ကျင်းပ

ညောင်ဦး ဧပြီ ၁၆

ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၅ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ရက် မွန်းလွဲ၁နာရီက ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ကမ္ဘာ့ကျန်းမာရေးနေ့သဝဏ်လွှာတို့ကို ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်မြင့်က ဖတ်ကြားသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ညောင်ဦးခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တာဝန်ခံဒေါက်တာ ညွှန့်ညွှန့်လွင်က မိခင်နှင့်ရင်သွေးများ ကျန်းမာရေးနှင့် ပတ်သက်၍ ပညာပေး ဟောပြောကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပန်းအလှပင်နှင့် အရိပ်ရပင်များ ဟိုပင်၌ ပျိုးထောင်

ဟိုပင် ဧပြီ ၂၄

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့က မြို့နယ်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ပန်းအလှပင်နှင့် အရိပ်ရပင်များကို အဖွဲ့ပိုင်ပျိုးဥယျာဉ်များအတွင်း ပျိုးထောင်ထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းရေးအတွက် မြေတောင်မြှောက်ပေးခြင်းနှင့် ပေါင်းမြက် ရှင်းလင်းခြင်းများကို ဧပြီ ၉ရက်က တာဝန်ခံဦးစီးအရာရှိ ဦးမောင်မောင်သွင်၏ ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မျိုးဆက်သစ်အားကစားသမားများပေါ်ထွန်းရန်ရည်ရွယ် ဒိုက်ဦးမြို့နယ်တွင် ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

ဒိုက်ဦး မေ ၁

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းစေရန် ရည်ရွယ်၍ ဒိုက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် ပထမအကြိမ် ရီရှင်းဖလားကျေးရွာပေါင်းစုံအလွတ်တန်းဘောလုံး ပြိုင်ပွဲကို ဧပြီ ၂၇ရက်က ဒိုက်ဦးမြို့ မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်အားပေး

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရီရှင်းကုမ္ပဏီရုံး ချုပ်မှ အထွေထွေ မန်နေဂျာ ဦးအောင်သိန်းနှင့် အဖွဲ့ဝင်များ၊ ဘောလုံး အားကစားသမားများနှင့် ဘောလုံး ဝါသနာရှင်များ တက်ရောက် အားပေးကြသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိန်၊ရီရှင်းကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးအောင်သိန်းနှင့် ရီရှင်းကုမ္ပဏီ ဒိုက်ဦးဆိုင်ခွဲ တာဝန်ခံ ဦးမျိုးလွင်တို့က ဘောလုံးပြိုင်ပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်းသိရသည်။ (အောက်ပုံ) **(မြို့နယ် ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

စေတုတ္တရာမြို့နယ် အထကကျောင်းလမ်းကို နိုင်ငံတော်ထောက်ပံ့ငွေဖြင့် အကျယ် ၁၂ပေ၊ အရှည် နှစ်ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဘုန်းမြတ်သူနှင့် အမှုဆောင်အရာရှိ ဦးမိုးဇော်အောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာထရန်ဇန်တန်သည် ယနေ့နံနက်၁၀နာရီခွဲတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာထရန်ဇန်တန် အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိမ်တိုက်များရွေ့လျားလာမှုကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၆

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ထွန်းနေသောတိမ်တိုက်များ အရှေ့မြောက်ဘက်သို့ ရွေ့လျားလာမှုကြောင့် ယနေ့မွန်းလွဲမှ နောက် ၄၈နာရီအတွင်း ရခိုင်ပြည်နယ်တောင်ပိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတောင်ပိုင်းတို့တွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

မြို့တော်တစ်ဝိုက် မိုးရွာနိုင်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာထရန်ဇန်တန် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။ (သတင်းစဉ်)